http://www.dhammadownload.com

# မဟာဘုရားရှိခိုး

(မဟာဗုဒ္ဓဝန္ဒနာ ဂါထာများ နှင့်
မဟာသုတ္တန်များ စာရင်းချုပ်)



ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာ)
ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်
သ・စ・အ ဓမ္မာစရိယ၊ ဝင့်သကာ၊ ပါဠိပါရဂူ၊
တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

သာသနာ-၂၅၆၀ ခရစ်-၂၀၁၇ ကောဇာ-၁၃၇၈

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင် တရားဓမ္မအလှူသည် အမြတ်ဆုံး

သို့

--------------------

--------------------

--------------------

မှ

--------------------

--------------------

--------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ--------------

http://www.dhammadownload.com

မဟာဗုဒ္ဓအား ရှိခိုးပူဇော်ပြီး
ဆုတောင်းမဟာ မင်္ဂလာပြုနိုင်ရန်

# မဟာဘုရားရှိခိုး

(မဟာဗုဒ္ဓဝန္ဒနာ မဟာအာသီသ မင်္ဂလာ ဂါထာများ
မြန်မာနိဿယနှင့် ပိဋကသုံးပုံထဲမှ မဟာ-ပါသည့်
မဟာသုတ္တန်များစာရင်းတို့ကို ဖော်ပြထားသည်)

## လုရတနာ စာစဥ် (၆၂)

ဘဒ္ဒန္တနာရဒါဘိဝံသ (လုရတနာ)
ပထမကျော်, အဂ္ဂမဟာအကျော်, အဌကထာပြန်အကျော်,
ဝင့်သကာ, ပါဠိပါရဂူ, သ-စ-အ ဓမ္မာစရိယ
တိပိဋကဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

သာသနာ- ၂၅၆၀- ကောဇာ- ၁၃၇၈- ခရစ်- ၂၀၁၇၊

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် ၂၀၁၇-ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| စီစဉ်သူ | - | ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ) |
| ပုံနှိပ်သူ | - | ဦးမြင့်ဦး (သိန်းသန်းဦး အောက်ဖ်ဆက်)<br>အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးမြင့်ဦး (ရွှေကျေးစာပေ) |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုမြင့်မောင်၊ |
| ခတ်ပုံ | - | ကိုအောင်ဟိန်း |

ဘဒ္ဒန္တနာရဒါဘိဝံသ- မဟာဘုရားရှိခိုး

ရွှေကျေးစာပေ ၂၀၁၇-ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊

၄၁၉- စာ၊ ၁၃၊ ၂၂ × ၂၀-စင်တီ

မဟာဘုရားရှိခိုး

http://www.dhammadownload.com

# မဟာဘုရားရှိခိုး
## မာတိကာ


| | | |
|---|---|---|
| ၁။ | မဟာဗုဒ္ဓဂုဏာဝန္ဒနာ (၄) ဂါထာ | ၁ |
| ၂။ | မဟာအာသီသ (၄)ဂါထာ | ၂ |
| ၃။ | မဟာဘုရားရှိခိုး | ၄ |
| ၄။ | ဆုတောင်းမင်္ဂလာပြုခြင်း | ၁၂ |
| ၅။ | တိဆတ္တာစာရီဂုဏ်တော်ဂါထာ | ၂၀ |
| ၆။ | ဘဝတုသဗ္ဗမင်္ဂလံ (၃)ဂါထာနိဿယ | ၂၅ |
| ၇။ | ဂုဏ်အလှ ကဗျာ | ၃၀ |
| ၈။ | အတွေးကောင်းလေးအမြဲတွေးပါ ကဗျာ | ၃၁ |
| ၉။ | ဦးသန်းရွှေအောင် ရှစ်ဆယ်ပေါ်တေးထပ် | ၃၂ |
| ၁၀။ | ဦးသန်းရွှေအောင် မင်္ဂလာရတုပိုဒ်စုံ | ၃၄ |
| ၁၁။ | နာဂကျော်ရင် မင်္ဂလာရတုပိုဒ်စုံ | ၃၈ |
| ၁၂။ | နာဂကျော်ရင်-ရှစ်ဆယ်ပေါ်တေးထပ် | ၄၂ |
| ၁၃။ | ဘဒ္ဒန္တဝေပုလ္လ ထုတိဩဘာ,မင်္ဂလာရတုပိုဒ်စုံ | ၄၄ |
| ၁၄။ | ဘဒ္ဒန္တဝေပုလ္လ ဂုဏာထောမနာ ရှစ်ဆယ်ပေါ်တေးထပ် | ၄၇ |
| ၁၅။ | ဘဒ္ဒန္တဝေပုလ္လ ဂုဏာကိတ္တနတေးထပ် | ၄၉ |
| ၁၆။ | တိပိဋကဩဝါဒါဒိစရိယ ခန့်အပ်လွှာ | ၅၁ |
| ၁၇။ | ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာ | ၅၄ |
| ၁၈။ | ထေရုပ္ပတ္တိကထာ | ၅၆ |
| ၁၉။ | ရေးပြီးသော စာအုပ်စာရင်း | ၆၈ |
| ၂၀။ | မဟာသုတ္တန် ပါဠိတော်များနိဒါန်း | ၇၂ |
| ၂၁။ | နိကာယ်ငါးရပ် ပိဋက(၃)ပုံထဲမှ မဟာပါသော မဟာသုတ္တန်များ စာရင်းချုပ် | ၇၈ |

http://www.dhammadownload.com

မဟာဘုရား၊ ရှိခိုး၊
စာအုပ် ဓမ္မဒါန
အလှူရှင်

ဗုဒ္ဓဂယာပုညသဟာယကအသင်း
ဥက္ကဋ္ဌ ဦးကြည်ဝင်း+ဒေါ်ရီရီအေး
သား, သမီး, မြေး, တစ်စု
ကောင်းမှု
နိဗ္ဗာန်ဆု

http://www.dhammadownload.com



# နိဒါန်း၊ အမှာစာ

သီရိလင်္ကာနိုင်ငံ အနုရာဓမြို့တွင် မြတ်စွာဘုရားရှင်၏ ပဥ္စမဗျာဒိတ် အမိန့်တော်အရ ဒုဋ္ဌဂါမဏိမင်းကြီးသည် သာသနာသက္ကရာဇ် (၃၇၃)ခုနှစ်၌ ဓာတ်တော်အများဆုံး ထည့်သွင်း ဌာပနာလျက် မဟာစေတီကို တည်ထားတော်မူ၏၊ ထိုဓာတ်တော် ဌာပနာသွင်းပွဲသို့ ရဟန္တာသံဃာပေါင်း (၉၆) ကုဋေ ကြွရောက်လျက် ဖူးမျှော်ကြ၏၊ ဓာတ်တော်များက ဘုရားရှင်၏ ရုပ်အသွင်သဏ္ဌာန်ဖြင့် ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသည်ကို ဖူးမျှော်ကြည့်ရှု၍ (၁၂)ကုဋေသော နတ်လူတို့ အရဟတ္တဖိုလ်သို့ရောက်လျက် ရဟန္တာဖြစ်ကြရ၏၊ ဤသို့ အားဖြင့် မဟာစေတီတော်ကြီးသည်ကား ကမ္ဘာပေါ်တွင် ဓာတ်တော်အများဆုံး ကိန်းဝပ်တည်ရှိရာ ဖြစ်သလို ရဟန္တာ အဖြစ် အများဆုံးရောက်ရှိရာ စေတီတော်ကြီးလည်းဖြစ်သည်။

ထိုမဟာစေတီကို ပုံတူပြုလုပ်ထားသော ပုံတူ မဟာစေတီကို မကြီး မစန်းအေး ညီအစ်မတို့က (၇-၆-၂၀၁၅)နေ့၌ ရွှေပြဿဒ်ကျောင်းဆောင်ဖြင့် လှူဒါန်း ပူဇော်ကြ၏၊ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တွင် မဟာပါရှိသော မဟာသုတ္တန်တို့ကို ရှာဖွေစုစည်းခဲ့ရာ မဟာသုတ္တန်ပေါင်း (၁၃၅)သုတ် တွေ့ရှိရ၏၊ ထိုမဟာသုတ္တန်ပေါင်း (၁၃၅)သုတ် ပါရှိသည့် မဟာသုတ္တန်ပါဠိတော်(၇)အုပ်ကို သံဃာတော်

http://www.dhammadownload.com



(၁၅)ပါး တို့က အသံမစဲ ရွတ်ဖတ်လျက် ပူဇော်ခဲ့ကြ၏၊ (၅-၆-၂၀၁၅)မှ (၉-၆-၂၀၁၅)ထိ (၅)ရက်တိုင်တိုင် ရွတ်ဖတ်ခဲ့ကြ၏။ ယင်းသို့ ရွတ်ဖတ်ပူဇော်ရာ၌ မဟာဗုဒ္ဓအားရှိခိုးပြီး ဆုတောင်း မဟာ မင်္ဂလာပြုနိုင်ရန် ဤ**"မဟာဘုရားရှိခိုး"**ကို မြန်မာ နိဿယနှင့်တကွ ရေးသားပူဇော်ခဲ့ပါသည်၊ ထိုမဟာဂါထာ မြန်မာနိဿယတို့ကို ဖတ်ရှုပြီး နှစ်သက်သဘောကြသော ဗုဒ္ဓဂယာ ပုညသဟာယကအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်ဝင်း (ယူပီကျီ ဥက္ကဋ္ဌ)က အိပ်ဆောင်စာအုပ်လေး ရိုက်နှိပ်ပေးပါရန် လျှောက်ထား တောင်းပန်သဖြင့် (၂၈-၆-၂၀၁၅)နေ့တွင် စာအုပ်လေးကို စီစဉ်ပေးခဲ့၏။

စာရေးသူသည် (၂၀၁၆+၂၀၁၇)ခုနှစ်တွင် (၆၉)ကြိမ်မြောက်အဖြစ် ကျင်းပသည့် တိပိဋကစရေ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး၌ **"တိပိဋက ဿဝါဒါ စရိယ"**ဖြစ်လာသလို (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ မှာလည်း နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော သာသနာရေး ဆိုင်ရာ ဘွဲ့တို့တွင် စာချပထမဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ"**ဘွဲ့ကိုပါ ရရှိခဲ့ပါသည်။

ယင်းသို့ **"တိပိဋက ဿဝါဒါစရိယ"**နှင့် **"အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ"**ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း အထိမ်းအမှတ်အဖြစ် မကြီး ရတနာတိုက် အထည်တိုက်

http://www.dhammadownload.com



မိသားစုက (၂၇-၁-၂၀၁၇)နေ့တွင် ဟော့ပေါ့ကင်း ခန်းမ၌ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပကြပါမည်၊ ယင်းဂုဏ်ပြုပွဲ အထိမ်းအမှတ်အဖြစ် ဤ**"မဟာဘုရားရှိခိုး"** စာအုပ်ကို စီစဉ်ရခြင်း ဖြစ်ပါသည်။

ဤ**"မဟာဘုရားရှိခိုး"**၌ မဟာ-ပါသော ဂုဏ်တော်(၂၇)ပုဒ်, မုနိန္ဒပုဒ်-သုဂတပုဒ်-ဗုဒ္ဓပုဒ်-အားဖြင့် ဂုဏ်တော်ပုဒ်ပေါင်း (၃၀)ပါရှိလေသည်၊ မြတ်စွာဘုရားရှင်သည် တလောကလုံးတွင် ရုပ်ရည်အဆင်း, အသံသြဇာ, အကျင့်စရဏ, တရားဓမ္မ-ဟူသော အရာရာမှာ အဖက်ဖက်က အသာလွန်ဆုံး အမြင့်မြတ်ဆုံး ထိပ်တန်းမဟာပုဂ္ဂိုလ် ဖြစ်တော်မူပါ၏၊ အရာရာမှာ အဖက်ဖက်က ထိပ်တန်းရောက်လိုသော ပုဂ္ဂိုလ်တို့သည် မဟာဗုဒ္ဓဖြစ်သည့် မြတ်စွာဘုရားရှင်အား ဤ **"မဟာဘုရားရှိခိုး"**ဖြင့် ရွတ်ဖတ်ရှိခိုး ပူဇော်နိုင်ကြပါစေ ကုန်သတည်း။

အရှင်နာရဒါဘိဝံသ (လှုရတနာ)

(၂၂-၁-၂၀၁၇)

http://www.dhammadownload.com

"နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ"

# မဟာဘုရားရှိခိုး

## မဟာပုဒ္ဓဂုဏာဝန္ဒနာ ဂါထာများ (၄)ပုဒ်

၁။ မဟာကာရုဏိကံ ဗုဒ္ဓံ၊
မဟာပညံ မဟာဒ္ဓနံ။
မဟာကာယံ မဟာနာထံ၊
မဟာဝါဒိံ မဟာဗလံ။

၂။ မဟာဂုံ မဟာစ္ဆရိယံ၊
မဟာသိရိံ မဟာမုနိံ။
မဟာပုညံ မဟာဘိညံ၊
မဟာဝီရံ မဟာဇုတိံ။

http://www.dhammadownload.com



၃။ မဟိဒ္ဓိကံ မဟာနာဂံ၊
မဟာမတိံ မဟာဇိနံ။
မဟဂ္ဃံ မဟာဂေါတမံ၊
မဟာဂဏိံ မဟပ္ပဘံ။

၄။ မဟာဘိသက္ကံ မုနိန္ဒံ၊
မဟာဈာယိံ မဟာယသံ။
မဟာသမဏံ သုဂတံ၊
အဟံ ဝန္ဒာမိ သာဒရံ။

## မဟာအာသီသ ဂါထာများ (၄)ပုဒ်

၁။ မဟာကာရုဏိကော ဗုဒ္ဓေါ၊
မဟာပညော မဟဒ္ဓနော။
မဟာကာယော မဟာနာထော၊
မဟာဝါဒီ မဟဗ္ဗလော။

၂။ မဟဂ္ဂေါ မဟစ္ဆရိယော၊
မဟာသိရီ မဟာမုနိ။
မဟာပုညော မဟာဘိညော၊
မဟာဝီရော မဟာဇုတိ။

http://www.dhammadownload.com



၃။ မဟိဒ္ဓိကော မဟာနာဂေါ၊
မဟာမတိ မဟာဇိနော။
မဟာဗ္ဗေါ မဟာဂေါတမော၊
မဟာဂဏီ မဟာပ္ပဘော။

၄။ မဟာဘိသက္ကော မုနိန္ဒော၊
မဟာစျာယီ မဟာယသော။
မဟာသမဏော သုဂတော၊
မဟာသတ္တံ ကရောတု နော။

http://www.dhammadownload.com



# မဟာဗုဒ္ဓဂုဏဝန္ဒနာ
# မဟာအာသီသဂါထာများ
# မြန်မာနိဿယ

## မဟာဘုရားရှိခိုး

၁။ မဟာကာရုဏိကံ ဗုဒ္ဓံ၊
မဟာပညံ မဟာဓနံ။
မဟာကာယံ မဟာနာထံ၊
မဟာဝါဒိံ မဟာဗလံ။

၁။ (၁) **မဟာကာရုဏိကံ**၊ အနန္တကမ္ဘာမှ အနန္တသတ္တဝါတို့အား ကြီးကျယ်မြင့်မြတ် သနားတတ်သဖြင့် **"မဟာကရုဏာရှင်"** ဖြစ်တော်မူထသော။ (၂) **မဟာပညံ**၊ လောကီ လောကုတ္တရာ အဖြာဖြာသော ကြီးမားကျယ်ပြန့်သည့် ဉာဏ်ပညာများ ရှိပေရကား **"မဟာပညာရှင်"** ဖြစ်တော်မူထသော။ (၃) **မဟာဓနံ**၊ သဒ္ဓါသီလ စသော သူတော်ကောင်း ဥစ္စာရတနာ သတိပဋ္ဌာန် သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယ ဥစ္စာရတနာများစွာရှိခြင်း ကြောင့် **"မဟာဓနရှင်"** ဖြစ်တော်မူထသော။ (၄) **မဟာကာယံ**၊ မဟာပြဟ္မာမင်း၏ ခန္ဓာ ကိုယ်သဖွယ် ကြီးမားရှည်လျား ခန့်ငြားထည်

http://www.dhammadownload.com



ဝါသော ခန္ဓာကိုယ်ရှိခြင်းကြောင့် **"မဟာ ခန္ဓာကိုယ် ပိုင်ရှင်"** ဖြစ်တော်မူထသော။ (၅)**မဟာနာထံ**၊ လူနတ်ပြဟ္မာ ဝေနေယျ များစွာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဖြစ်၍**"မဟာနာထရှင်"** ဖြစ်တော်မူထသော။ (၆) **မဟာဝါဒီ**၊ မြင့်မြတ်လှစွာ သစ္စာလေးဖြာ ဓမ္မက္ခန္ဓာ ဒေသနာတို့ကို သေချာကျန ဟော ပြတော်မူသဖြင့် **"မဟာဝါဒီရှင်"** ဖြစ်တော် မူထသော။ (၇) **မဟာဗလံ**၊ ယောက်ျားဗိုလ်ခြေ ကုဋေတစ်သောင်းတို့၏ များမြောင်သော ခွန်အားကို ဆောင်နိုင်သဖြင့် ကာယဉာဏ ဗလနှစ်ပါး စွမ်းအားများ ရှိပေရကား **"မဟာ စွမ်းအားရှင်"** ဖြစ်တော်မူထသော။

**၂။ မဟဂ္ဂံ မဟာစ္ဆရိယံ၊**
**မဟာသိရီ မဟာမုနီ။**
**မဟာပုညံ မဟာဘိညံ၊**
**မဟာဝီရံ မဟာဇုတီ။**

၂။ (၈) မဟဂ္ဂံ၊ သဗ္ဗညုတ ဉာဏ်တော် ရလျက် မြင့်မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် **"မဟာအမြတ်ဆုံး ပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။ (၉) **မဟာစ္ဆရိယံ**၊ အံ့ဖွယ်တရား နှစ်ဆယ်ပါးတို့နှင့် ပြည့်စုံသဖြင့် **"မဟာအံ့သြဖွယ် ပုဂ္ဂိုလ်ရှင်"** ဖြစ်တော်

http://www.dhammadownload.com



မူထသော။ (၁၀) **မဟာသိရီ**၊ လက္ခဏာတော်ကြီးငယ် ရောင်ခြောက်သွယ် နှင့် ပြည့်စုံသဖြင့် ကြည် ညိုဖွယ် ကျက်သရေ များစွာရှိပေရကား **"မဟာကျက်သရေပိုင်ရှင်"** ဖြစ်တော်မူ ထသော။ (၁၁) **မဟာ မုနိ**၊ ကြီးမြတ်ပါဘိ အဂါရမုနိစသား မုနိများ သခင် ဖြစ်ပေရကား **"မဟာမုနိဘုရားရှင်"** ဖြစ်တော်မူထသော။ (၁၂) **မဟာပုညံ**၊ လေးသင်္ချေကိန်း ကပ် တစ်သိန်းက ထိမ်းသိန်း စုဆောင်း ပါရမီ အပေါင်း ကုသိုလ်ကောင်း များ ရှိပေရကား **"မဟာပုညရှင်"** ဖြစ်တော်မူထသော။ (၁၃) **မဟာဘိညံ**၊ ထူးခြားလှစွာ သိစွမ်းပါသော ဣဒ္ဓိဝိဓာ အစဖြာသည့် အဘိညာခြောက်ပါး ရှိပေရကား **"မဟာဘိညာပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။ (၁၄) **မဟာဝီရံ**၊ ကြီးမြတ်စွာလှ အာဂမနှင့် သမ္မပ္ပဓာန် လုံ့လ ဝီရိယများ ရှိပေရကား **"မဟာဝီရပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။ (၁၅) **မဟာဇုတိ**၊ ကြီးမားသော တန်ခိုးရှိန်ဝါ အရောင်အလင်း တောက်ပခြင်း ရှိပေရကား **"မဟာဇုတိ ပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။

၃။ **မဟိဒ္ဓိကံ မဟာနာဂံ၊**
**မဟာမတိံ မဟာဇိနံ။**
**မဟာဿံ မဟာဂေါတမံ၊**
**မဟာဂဏိံ မဟာပ္ပဘံ။**

http://www.dhammadownload.com



၃။ (၁၆)**မဟိဒ္ဓိကံ**၊ အဓိဋ္ဌာနိဒ္ဓိ အစရှိသည့် ကြီးမြတ်ဘိသား ဣဒ္ဓိမည်ဖြား တန်ခိုးဆယ်ပါး ရှိပေရကား **"မဟာတန်ခိုးရှင်"** ဖြစ်တော်မူ ထသော။ (၁၇) **မဟာနာဂံ**၊ အကုသိုလ် မကောင်းမှု အစုစုကို မပြုကျင့်သဖြင့် ခွန်အား ကြီးမား ဆင်ပြောင်ကြီးသဖွယ် ဖြစ်ပေရကား **"မဟာနာဂပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူ ထသော။ (၁၈) **မဟာမတိံ**၊ ဥပါယကောသလ္လပညာ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ သမာပတ်ပညာ အစဖြာသော မဟာပထဝီ မြေကြီးသဖွယ် ကြီးမား ကျယ်ပြန့်သည့် ဉာဏ်ပညာများ ရှိပေရကား **"မဟာကဝိပုဂ္ဂိုလ် ရှင်"** ဖြစ်တော်မူထသော။ (၁၉) **မဟာဇိနံ**၊ ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓ မစ္စု ငါးခုသော မာရ် တွင်းပရန်ကို မကျန် ကုန်စင် အောင်မြင်သဖြင့် ကြီးမြတ်သော အောင်မြင်ခြင်းကို ရရှိပေရကား **"မဟာအောင်ပွဲရှင် ပုဂ္ဂိုလ်"** ဖြစ်တော်မူထသော။ (၂၀) **မဟာဓနံ**၊ ဇောတိကစသား သူဌေးများပင် တန်ဖိုးကြီးစွာ ရတနာတို့ကို စွန့်ကာပစ်လျက် ရှင်ချစ်ဘုရား ထံတော်ပါးဝယ် ခစားလာခြင်း အကြောင်းရင်းကြောင့် တန်ဖိုးမဖြတ်နိုင်အောင် အဖိုးများစွာ ထိုက်တန်ပေရကား **"မဟာတန်ဖိုး အကြီးမားဆုံးပုဂ္ဂိုလ်"** ဖြစ်တော်

http://www.dhammadownload.com



မူထသော။ (၂၁) **မဟာဂေါတမံ၊** ကြီးမြတ်ပေထ နွယ်တော်ဝံသ ဂေါတမ၌ ဖြစ်ပေရကား **"မဟာဂေါတမ ဘုရားရှင်"** ဖြစ်တော်မူထသော။ (၂၂) **မဟာဂဏီ၊** သီလစသား ဂုဏ်အားဖြစ်လည်းကောင်း၊ အရေအတွက် သင်္ချာအားဖြစ်လည်းကောင်း၊ များပြားလှစွာသော တပည့်သာဝက ဂိုဏ်း ဂဏများ ရှိပေရကား **"မဟာ ဂိုဏ်းကြီးရှင် ပုဂ္ဂိုလ်"** ဖြစ်တော်မူထသော။ (၂၃) **မဟာပ္ပဘံ၊** ကြီးမားတေဇော် ရောင်ခြည်တော် များ ဖြစ်ပေပြေးသည့် ကိုယ်ရောင်တော် ဉာဏ်ရောင်တော် တို့ဖြင့် ပြောင်တဝင်းဝင်း ရှိပေရကား **"မဟာရောင်ရှင် ပုဂ္ဂိုလ်"** ဖြစ်တော်မူထသော။

**၄။ မဟာဘိသက္ကံ မုနိန္ဒံ၊**
**မဟာဈာယိံ မဟာယသံ။**
**မဟာသမဏံ သုဂတံ၊**
**အဟံ ဝန္ဒာမိ သာဒရံ။**

၄။ (၂၄) **မဟာဘိသက္ကံ၊** ကိလေသာ အနော ရောဂါ ဟူသမျှ ကင်းစင်ပအောင် ဆေးကုသပေရကား **"အထူး ကု မဟာသမားတော်ကြီး"** ဖြစ်တော်မူထသော။ (၂၅) **မဟာ ဈာယိံ၊** မြင့်မြတ်ပေဟန် အာရမ္မဏူပဈာန် လက္ခဏူပဈာန် အတန်တန်တို့ဖြင့် ဈာနဖလ နိရောဓ

http://www.dhammadownload.com



မှတ် သမာပတ်နှင့် နိဗ္ဗာန်ဓာတ်ကို မပြတ်ဝင်စား ရှုလေ့ရှိရကား **"မဟာ ဈာန်ရှင် ပုဂ္ဂိုလ်"** ဖြစ်တော်မူထသော။ (၂၆) **မဟာ ယသံ၊** လူနတ်ဗြဟ္မာ နဂါးဂဠုန် ကုမ္ဘဏ်ယက္ခ ဂန္ဓဗ္ဗအားဖြင့်လည်းကောင်း၊ ရဟန်းစသား ပရိသတ်လေးပါး၊ ရှစ်ပါးအားဖြင့်လည်းကောင်း၊ များပြားလှ ပြန် အခြံအရံ ကျော်စောသံ ရှိပေရကား **"မဟာပရိသတ် ပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။ (၂၇) **မဟာသမဏာ၊** သီလစသား ဂုဏ်ကျေးဇူးများနှင့် ကောင်းစွာ ကုံလုံ ပြည်စုံတော်မူခြင်း လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် လေးမြတ်ကော်ရော် ပူဇော်ထိုက်ခြင်း အကြောင်းရင်းကြောင့် မဟာသမဏ အမည်ရလျက် **"မဟာ ရဟန်းမြတ်ကြီး"** ဖြစ်တော်မူထသော။ (၂၈) **မုနိန္ဒ၊** အဂါရမုနိ အနာဂါရမုနိ သေက္ခမုနိ အသေက္ခမုနိ ပစ္စေကမုနိ အားဖြင့် မုနိငါးမျိုး ခေါင်ကမိုးလျက် တန်ခိုးရှိန်အား လွန်ကြီးမား သဖြင့် မုနိသေဋ္ဌ နင်း **"မဟာရဟန်းမင်း"** ဖြစ်တော်မူထသော။ (၂၉) **သုဂတံ၊** ကျိုးရှိ ဟုတ်မှန် ကြားနာခံခက် မခံခက်ဟု နှစ်ချက် ပေါင်းစပ် ကောင်းမြတ်သော စကားကိုသာ ဆိုသင့်ရာအခါ၌ မိန့်ဆိုပေတက် ဤသကတ်ကြောင့်လည်းကောင်း၊ ဝိမုတ္တိရသ တပါးပြ လျက် မမွှဝိနယာ

http://www.dhammadownload.com



နှစ်ပါးလာသား သုံးဖြာ ပိဋကတ် ငါးရပ်နိကာယ် အင်ကိုးသွယ်နှင့် အကျယ်ထုတ်ပြန် ဓမ္မက္ခန်ပေါင်း လေးထောင် ဆောင်းလျက် ရှစ်သောင်း အရေအတွက် ရှိသော ပရိယတ် တရားတော်မြတ်ကို ဝေနေ ယျများ သောင်းတိုက်သားတို့အား သနား ကရုဏာ ရှေ့ရှု ကာဖြင့် ကောင်းစွာမသေွ ဟောကြားပေတတ် ဤ သကတ်ကြောင့် လည်းကောင်း၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးသွယ်မှ အရွယ်တရား နှစ်မျိုးအားဖြင့် ထူးခြားမဟာ ပါရှိလာသော ဒေသနာတို့ကို သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ကောင်းစွာ မသွေဟောကြား ပေတတ် ဤသကတ် ကြောင့်လည်းကောင်း၊ မဟာသုဂတ အမည် ရလျက် **"မဟာတရားဒေသနာ ရှင်"** ဖြစ်တော်မူထသော။ (၁၀) **ဗုဒ္ဓ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တိုင်လည်း သိမြင်၍ ဝေနေယျများစွာ သတ္တဝါ တို့ကိုလည်း သိစေ တော်မူတတ် ဤသကတ်ကြောင့်လည်းကောင်း၊ မဟာ မောဟ အိပ် ပျော်ခြင်းမှ နိုးတော်မူတတ် ဤသကတ် ကြောင့်လည်းကောင်း၊ အရဟတ္တမဂ် နေ ရောင်စက်နှင့် ပေါင်းဖက်ရကား တရားဥဿုံ အလုံးစုံကို အကုန် သိတတ် သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော အပွင့်

http://www.dhammadownload.com



ခါတ်ဖြင့် ပွင့်တော် မူတတ် ဤသကတ်ကြောင့်လည်း ကောင်း၊ မဟာဗုဒ္ဓအမည်ရသော“**မဟာဘုရားရှင်**”ကို။

**အဟံ**၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်သည်။ **သာဒရံ**၊ မြတ်စွာကျေးဇူး ဂုဏ်ရည် ထူးကို ရည်စူး လျက်သာ မာနကင်းကွာ ရိုသေစွာ။ **ဝန္ဒာမိ**၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာအောင်မှု အကြောင်း ပြုလျက် တောင်းဆုရည်ကာ မဟာဝန္ဒနာဖြင့် ချီးမွမ်း ထောမနာ ရှိခိုးပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ဆုတောင်း မဟာမင်္ဂလာပြုခြင်း

၁။ မဟာကာရုဏိကော ဗုဒ္ဓေါ၊
မဟာပညော မဟဒ္ဓနော။
မဟာကာယော မဟာနာထော၊
မဟာဝါဒီ မဟဗ္ဗလော။

၁။ (၁) **မဟာကာရုဏိကော**၊ အနန္တကမ္ဘာမှ အနန္တသတ္တဝါတို့အား ကြီးကျယ် မြင့်မြတ် သနားတတ်သဖြင့် **"မဟာကရုဏာရှင်"** ဖြစ်တော်မူထသော။ (၂) **မဟာပညော**၊ လောကီ လောကုတ္တရာ အဖြာဖြာသော ကြီးမားကျယ်ပြန့်သည့် ဉာဏ်ပညာများ ရှိပေရကား **"မဟာပညာရှင်"** ဖြစ်တော်မူထသော။ (၃) **မဟဒ္ဓနော**၊ သဒ္ဓါသီလ စသော သူတော်ကောင်း ဥစ္စာရတနာ သတိပဋ္ဌာန် သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယ ဥစ္စာရတနာ များစွာရှိခြင်းကြောင့် **"မဟာဓနရှင်"** ဖြစ်တော်မူထသော။ (၄) **မဟာကာယော**၊ မဟာပြဟ္မာမင်း၏ ခန္ဓာကိုယ်သဖွယ် ကြီးမား ရှည်လျား ခန့်ငြားထည်ဝါသော ခန္ဓာကိုယ်ရှိခြင်းကြောင့် **"မဟာခန္ဓာကိုယ်ပိုင်ရှင်"** ဖြစ်တော်မူထသော။ (၅) **မဟာနာထော**၊ လူနတ် ပြဟ္မာ ဝေနေယျများစွာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာဖြစ်၍ **"မဟာ နာထရှင်"** ဖြစ်တော်မူ

http://www.dhammadownload.com



ထသော။ (၆) **မဟာဝါဒီ**၊ မြင့်မြတ်လှစွာ သစ္စာလေးဖြာ ဓမ္မက္ခန္ဓာ ဒေသနာတို့ကို သေချာကျန ဟောပြတော်မူသဖြင့် "**မဟာဝါဒီရှင်**" ဖြစ် တော်မူထသော။ (၇)**မဟာဗလော**၊ ယောက်ျား ဗိုလ်ခြေ ကုဋေတစ်သောင်း တို့၏ များမြောင် သောခွန်အားကို ဆောင်နိုင်သဖြင့် ကာယ ဉာဏ ဗလနှစ်ပါး စွမ်းအားများ ရှိပေရကား "**မဟာစွမ်းအားရှင်**" ဖြစ်တော် မူထသော။

**၂။ မဟာဂ္ဂေါ မဟာသူရိယော၊**
**မဟာသိရီ မဟာမုနိ။**
**မဟာပုညော မဟာဘိညော၊**
**မဟာဝီရော မဟာဇုတိ။**

၂။ (၈) **မဟာဂ္ဂေါ**၊ သဗ္ဗညုတ ဉာဏ်တော်ရလျက် မြင့်မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် "**မဟာအမြတ်ဆုံး ပုဂ္ဂိုလ်ရှင်**" ဖြစ်တော်မူထသော။ (၉) **မဟာသူရိယော**၊ အံ့ဖွယ်တရား နှစ်ဆယ်ပါးတို့နှင့် ပြည့်စုံသဖြင့် "**မဟာအံ့ဩဖွယ် ပုဂ္ဂိုလ်ရှင်**" ဖြစ်တော် မူထသော။

(၁၀) **မဟာသိရီ**၊ လက္ခဏာတော် ကြီးငယ် ရောင်ခြောက်သွယ်နှင့် ပြည့်စုံသဖြင့် ကြည်ညိုဖွယ် ကျက်သရေ များစွာရှိပေရကား "**မဟာကျက်သရေ**

http://www.dhammadownload.com



**ပိုင်ရှင်**" ဖြစ်တော်မူထသော။ (၁၁) **မဟာမုနိ**၊ ကြီးမြတ်ပါဘိ အဂါရမုနိစသား မုနိများသခင် ဖြစ်ပေရကား "**မဟာမုနိဘုရားရှင်**" ဖြစ်တော်မူထသော။ (၁၂) **မဟာပုညော**၊ လေးသင်္ချေကိန်း ကပ်တစ်သိန်းက ထိမ်းသိန်းစုဆောင်း ပါရမီ အပေါင်း ကုသိုလ်ကောင်းများ ရှိပေရကား "**မဟာပုညရှင်**" ဖြစ်တော်မူထသော။ (၁၃) **မဟာဘိညော**၊ ထူးခြားလှစွာ သိစွမ်း ပါသော ဣဒ္ဓိဝိဓာ အစဖြာသည့် အဘိညာ ခြောက်ပါး ရှိပေရကား "**မဟာဘိညာ ပုဂ္ဂိုလ်ရှင်**" ဖြစ်တော်မူထသော။ (၁၄) **မဟာဝီရော**၊ ကြီးမြတ်စွာလှ အာဂမနှင့် သမ္မပ္ပဓာန် လုံ့လ ဝီရိယများ ရှိပေရကား "**မဟာဝီရပုဂ္ဂိုလ်ရှင်**" ဖြစ်တော်မူထသော။ (၁၅) **မဟာဇုတိ**၊ ကြီးမားသော တန်ခိုးရှိန်ဝါ အရောင်အလင်း တောက်ပခြင်း ရှိပေရကား "**မဟာဇုတိ ပုဂ္ဂိုလ်ရှင်**" ဖြစ်တော်မူထသော။

၃။ **မဟိဒ္ဓိကော မဟာနာဂေါ၊**
**မဟာမတိ မဟာဇိနော။**
**မဟာဌော မဟာဂေါတမော၊**
**မဟာဂဏီ မဟာပ္ပဘော။**

၃။ (၁၆) **မဟိဒ္ဓိကော**၊ အဓိဋ္ဌာနိဒ္ဓိ အစရှိသည့် ကြီးမြတ်ဘိသား ဣဒ္ဓိမည်ငြား တန်ခိုး ဆယ်ပါး ရှိပေ

http://www.dhammadownload.com



ရကား **"မဟာတန်ခိုးရှင်"** ဖြစ်တော်မူထသော။ (၁၇) **မဟာနာဂေါ၊** အကုသိုလ်မကောင်းမှု အစုစုကို မပြုကျင့်သဖြင့် ခွန်အားကြီးမား ဆင်ပြောင်ကြီးသဖွယ် ဖြစ်ပေရကား **"မဟာနာဂပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။ (၁၈) **မဟာမတိ၊** ဥပါယ ကောသလ္လပညာ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ သမာပတ်ပညာ အစဖြာသော မဟာပထဝီ မြေကြီးသဖွယ် ကြီးမားကျယ်ပြန့်သည့် ဉာဏ်ပညာများ ရှိပေရကား **"မဟာ ကဝိပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူထသော။(၁၉) **မဟာဇိနော၊** ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓ မစ္စု ငါးခုသော မာရ် တွင်းပ ရန်ကို မကျန်ကုန်စင် အောင်မြင်သဖြင့် ကြီးမြတ်သော အောင်မြင်ခြင်းကို ရရှိပေရကား **"မဟာအောင်ပွဲရှင်ပုဂ္ဂိုလ်"** ဖြစ်တော်မူထသော။ (၂၀) **မဟာဣသ္သော၊** ဇောတိကစသား သူဌေးများပင် တန်ဖိုးကြီးစွာ ရတနာတို့ကို စွန့်ကာပစ်လျက် ရှင်ချစ်ဘုရား ထံတော်ပါးဝယ် ခစားလာခြင်း အကြောင်းရင်းကြောင့် တန်ဖိုးမဖြတ်နိုင်အောင် အဖိုးများစွာ ထိုက် တန်ပေရကား **"မဟာတန်ဖိုး အကြီးမားဆုံး ပုဂ္ဂိုလ်"** ဖြစ်တော်မူထသော။ (၂၁) **မဟာ ဂေါတမော၊** ကြီးမြတ်ပေထနွယ်တော်ဝံသ ဂေါတမဋ္ဌ ဖြစ်ပေရကား **"မဟာဂေါတမ**

http://www.dhammadownload.com



**ဘုရားရှင်**" ဖြစ်တော်မူထသော။ (၂၂) **မဟာဂဏီ၊** သီလစသား ဂုဏ်အားဖြင့်လည်းကောင်း၊ အရေအတွက် သင်္ချာအားဖြင့်လည်း ကောင်း၊ များပြားလှစွာသော တပည့်သာဝက ဂိုဏ်းဂဏများ ရှိပေရကား "**မဟာဂိုဏ်းကြီး ရှင် ပုဂ္ဂိုလ်**" ဖြစ်တော်မူထသော။ (၂၃)၊ **မဟာပ္ပဘော၊** ကြီးမားတေဇော် ရောင်ခြည်တော်များ ဖြစ်ပေပြောသည့် ကိုယ်ရောင်တော် ဉာဏ်ရောင်တော်တို့ဖြင့် ပြောင်တဝင်းဝင်း ရှိပေရကား "**မဟာရောင်ရှင် ပုဂ္ဂိုလ်**" ဖြစ်တော် မူထသော။

**၄။ မဟာဘိသက္ကော မုနိန္ဒော၊**
**မဟာစျာယီ မဟာယသော။**
**မဟာသမဏော သုဂတော၊**
**မဟာသတ္တိ ကရောတု နော။**

၄။ (၂၄) **မဟာဘိသက္ကော၊** ကိလေသာ အနာရောဂါဟူသမျှ ကင်းစင်ပအောင် ဆေး ကုသပေရကား "**အထူးကု မဟာသမား တော်ကြီး**" ဖြစ်တော်မူထသော။ (၂၅) **မဟာစျာယီ၊** မြင့်မြတ်ပေဟန် အာရမ္မဏူပစျာန် လက္ခဏူပစျာန် အတန်တန်တို့ဖြင့် စျာန ဖလ နိရောဓမှတ် သမာပတ်နှင့် နိဗ္ဗာန် ဓာတ်ကို မပြတ်ဝင်စားရှုလေ့ရှိရကား "**မဟာစျာန်ရှင်ပုဂ္ဂိုလ်**" ဖြစ်တော်

http://www.dhammadownload.com



မူထသော။ (၂၆) **မဟာယသော၊** လူနတ်ဗြဟ္မာ နဂါးဂဠုန် ကုမ္ဘဏ်ယက္ခ ဂန္ဓဗ္ဗအားဖြင့်လည်းကောင်း၊ ရဟန်းစသား ပရိသတ်လေးပါး၊ ရှစ်ပါးအား ဖြင့်လည်း ကောင်း၊ များပြားလှဟန် အခြံအရံ ကျော်စောသံ ရှိပေ ရကား **"မဟာပရိသတ် ပုဂ္ဂိုလ်ရှင်"** ဖြစ်တော်မူ ထသော။ (၂၇) **မဟာသမဏော၊** သီလစသား ဂုဏ်ကျေးဇူး များနှင့် ကောင်းစွာကုံလုံ ပြည့်စုံတော် မူခြင်း လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည် လေးမြတ် ကော်ရော် ပူဇော်ထိုက်ခြင်း အကြောင်းရင်းကြောင့် မဟာသမဏ အမည် ရလျက် **"မဟာရဟန်းမြတ်ကြီး"** ဖြစ်တော်မူထသော။ (၂၈) **မုနိန္ဒော၊** အဂါရမုနိ အနာ ဂါရမုနိ သေက္ခမုနိ အသေက္ခမုနိ ပစ္စေက မုနိ အားဖြင့် မုနိငါးမျိုး ခေါင်ကမိုးလျက် တန်ခိုးရှိန်အား လွန်ကြီးမား သဖြင့် မုနိ သေဋ္ဌနင်း **"မဟာရဟန်းမင်း"** ဖြစ်တော်မူ ထသော။ (၂၉) **သုဂတော၊** ကျိုးရှိဟုတ်မှန် ကြားနာ ခံခက် မခံခက်ဟု နှစ်ချက်ပေါင်းစပ် ကောင်းမြတ်သော စကားကိုသာ ဆိုသင့်ရာ အခါ၌ မိန့်ဆိုပေတက် ဤ သကတ်ကြောင့် လည်းကောင်း၊ ဝိမုတ္တိရသ တပါးပြ လျက် ဓမ္မဝိနယာ နှစ်ပါးလာသား သုံးဖြာပိဋကတ် ငါးရပ်နိကာယ် အင်ကိုးသွယ်နှင့် အကျယ် ထုတ်ပြန်

http://www.dhammadownload.com



ခမ္မက္ခန်ပေါင်း လေးထောင်ဆောင်း လျက် ရှစ်သောင်း အရေအတွက်ရှိသော ပရိယတ် တရားတော်မြတ်ကို ဝေနေယျများ သောင်းတိုက်သားတို့အား သနား ကရုဏာ ရှေ့ရှုကာဖြင့် ကောင်းစွာမသွေ ဟောကြား ပေတတ် ဤသကတ်ကြောင့်လည်းကောင်း၊ နိကာယ် ငါးရပ်၊ ပိဋကတ်သုံးသွယ်မှ အရွယ် တရား နှစ်မျိုးအားဖြင့် ထူးခြားမဟာ ပါရှိလာသော ဒေသနာတို့ကို သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ကောင်းစွာမသွေ ဟောကြား ပေတတ် ဤသကတ်ကြောင့်လည်းကောင်း၊ မဟာ သုဂတ အမည်ရလျက် **"မဟာတရား ဒေသနာရှင်"** ဖြစ်တော်မူထသော။ (၁၀) **ဗုဒ္ဓေါ**၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တိုင်လည်း သိမြင်၍ ဝေနေယျများစွာ သတ္တဝါတို့ကိုလည်း သိစေတော် မူတတ် ဤသကတ်ကြောင့်လည်းကောင်း၊ မဟာမောဟ အိပ်ပျော်ခြင်းမှ နိုးတော်မူတတ် ဤ သကတ်ကြောင့်လည်းကောင်း၊ အရဟတ္တ မဂ် နေရောင် စက်နှင့် ပေါင်းဖက်ရကား တရားဥဿုံ အလုံးစုံကို အကုန်သိတတ် သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော အပွင့်ခာတ်ဖြင့် ပွင့်တော်မူတတ် ဤသကတ်ကြောင့် လည်းကောင်း၊ မဟာဗုဒ္ဓ အမည်ရသော **"မဟာ ဘုရားရှင်"**သည်။

http://www.dhammadownload.com



**နော**၊ မဟာဒေသနာ ရွှတ်ဖတ်ကာဖြင့် ကောင်းစွာမသွေ ပူဇော်နေသော အကျွန်ုပ် တို့အား။ **မဟာသန္တိ**၊ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ ပီတိစွမ်းဖြင့် ရွှင်လန်းကြည်သာ ကြီးမြတ်စွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်းကို။ **ကရောတု**၊ မေတ္တာရှေ့ထား ကရုဏာအားဖြင့် သနားစောင့်ရှောက် ချီးမြှောက်ပါစေသတည်း။

http://www.dhammadownload.com



မြတ်စွာဘုရားရှင်၏ ထီး(၃)လက် ဆောင်တော်မူသည့် "**တိဆတ္တဓာရီ**" ဂုဏ် တော်ကို ရည်မှန်း၍ သီရိလင်္ကာနိုင်ငံမှ ဒုဌ ဂါမဏိမင်းကြီးသည် ဓာတ်တော်အများဆုံး ကိန်းဝပ်သည့် မဟာစေတီတော်ကို နိုင်ငံထီးနန်းမင်းစည်းစိမ်ဖြင့် (၃)ကြိမ် ပူဇော်ခဲ့ရာ-------

**လူ့မင်းထီး, ဗြဟ္မာမင်းထီး, အရဟတ္တဖိုလ်ဝိမုတ္တိထီးအားဖြင့်ထီး(၃)လက်ကို ဆောင်တော်မူသော မြတ်စွာဘုရားရှင်၏ တိဆတ္တဓာရီဂုဏ်တော်**

၁။ ဒတွာန မာနုသံ ရဇ္ဇံ၊
ပိတာ သုဒ္ဓေါဒနော တဒါ။
နမဿမာနော သိရသာ၊
သေတစ္ဆတ္တေန ပူဇယိ။

၂။ သဟမ္ပတိ မဟာဗြဟ္မာ၊
ဒေဝ ဗြဟ္မေဟိ ကေတော။
အတ္တနော ဝိသယေ ရဇ္ဇံ
ဒတွာ ဆတ္တေန ပူဇယိ။

၃။ သဝါသနေ ကိလေသေ သော၊
ဈာပေန္တော ဇုတရံပိစ။
အရဟတ္တပ္ပတ္တိယာ သုဒ္ဓေါ၊
ဗောဓိတလေ အဟု။

http://www.dhammadownload.com



၄။ ပတ္တော ဝိမုတ္တိံ ဝရသေတဆတ္တံ၊
သော ပီတိဝေဂေန ဥဒါနုဒီရယိ။
ဆေတွာန မာရေ ဝိဇိတာရိသံဃော၊
တိဗုဒ္ဓခေတ္တေက ဒိဝါကရော အဟု။

၅။ ရာဇာဓိရာဇာ ပနမေဝ မာသိ၊
တိဆတ္တဓာရီ ဝရဓမ္မရာဇာ။
မဟာသဟဿမ္ပိစ လောကဓာတုံ၊
သရေန ဝိညာပယိတုံ သမတ္ထော။

၆။ ဗုဒ္ဓဝေသံ ဂဟေတွာန၊
မဟာထူပေ ဆရံသိယော။
ဓာတူ ဒဿေန္တိ သတ္တာဟံ၊
တာဟံ ဝန္ဒာမိ သာဒရံ။

## (၁) သုဒ္ဒေါဒနမင်းကြီးလှူသော ထီးဖြူ

၁။ သိဒ္ဓတ္ထမင်းသား နန်းတက်လာရာ ထိုအခါ၌ ခမည်းတော် သုဒ္ဒေါဒနမင်းကြီးသည် လူမင်း ထီးနန်း စည်းစိမ်ကို ပေးလှူ၍ ဦးခေါင်း ဖြင့် ရှိခိုးလျက် သားတော်ကို ထီးဖြူဖြင့် ပူဇော်လေပြီ။

## (၂) သဟမ္ပတိဗြဟ္မာမင်း လှူသော ထီးဖြူ

၂။ သဟမ္ပတိဗြဟ္မာမင်းသည် စကြာဝဠာ ကမ္ဘာပေါင်း တိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် ဗုဒ္ဓဂယာ

http://www.dhammadownload.com



မဟာဗောဓိညောင်ပင်သို့ လာရောက်လျက် ဘုရားလောင်း သိဒ္ဓတ္ထ ရဟန်းတော်အား မိမိ၏ ပိုင်နက်အတွင်း၌ရှိသော မဟာဖြဟ္မာမင်း ထီးနန်းစည်းစိမ်ကို ပေးလှူ၍ ထီးဖြူဖြင့် ပူဇော်လေပြီ။

## (၃) အရဟတ္တဖိုလ် ဝိမုတ္တိထီးဖြူ

၃။ ဗုဒ္ဓဂယာ မဟာဗောဓိညောင်ပင်ရင်း အပရာဇိတပလ္လင်ထက်၌ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီး ခန္ဓာငါးပါးကို ဝိပဿနာ ရှုမှတ် ပွားများသော ထိုသိဒ္ဓတ္ထရဟန်းတော်သည် ဝါသနာနှင့်တကွသော ကိလေသာဟူသမျှတို့ကို အနုမြူမျှ မကျန်ရအောင် လောင်မြိုက် ပယ်သတ်လျက် အရဟတ္တဖိုလ်သို့ ရောက်ခြင်း ဖြင့် အညစ် အကြေးအားလုံးတို့မှ စင်ကြယ်ပြီး လျှင် အရဟတ္တဖိုလ် ဝိမုတ္တိထီးဖြူကို ရရှိပိုင်ဆိုင် ခဲ့လေပြီ။

၄။ ဗုဒ္ဓဂယာ မဟာဗောဓိညောင်ပင်ရင်း အပရာဇိတပလ္လင်ထက်၌ မြတ်သော အရဟတ္တ ဖိုလ် ဝိမုတ္တိထီးဖြူကို ရလျက် ဘုရားအဖြစ်သို့ ရောက်တော်မူသော ထိုမြတ်စွာဘုရားရှင်သည် ဝမ်းမြောက် ရွှင်လန်းသော ပီတိအဟုန်ဖြင့် **"အနေကဇာတိသံသာရံ"**စသော ဂါထာကို (စိတ်တော်ဖြင့်) ဥဒါန်း ကျူးရင့်ခဲ့လေပြီ၊ ထိုမြတ်စွာဘုရားရှင်သည်

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံမှ ဓာတ်တော်အများဆုံး ဌာပနာထားရာ မဟာစေတီတော်

http://www.dhammadownload.com



မဟာစေတီကို လုံးတော်ပြည့်သင်္ကန်းကြီး ကပ်လှူရန် အတီးအမှုတ်ဖြင့် သယ်ယူလာစဉ်



နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး သင်္ကန်းတော်ကို သယ်ယူလာစဉ်

http://www.dhammadownload.com



အလှူရှင်များ သင်္ကန်းတော်ကို သယ်ယူလာစဉ်

http://www.dhammadownload.com



အလှူ့ရှင်များ သင်္ကန်းတော်ကို သယ်ယူလာစဉ်

http://www.dhammadownload.com



အလှူရှင်များ သင်္ကန်းတော်ကို သယ်ယူလာစဉ်

http://www.dhammadownload.com



သင်္ကန်းအလှူရှင်များ မဟာစေတီကိုပူဇော်ကြစဉ် (၁၄ - ၈ - ၂၀၁၆)

http://www.dhammadownload.com

(၂၀၁၂ - ၈ - ၁၀) ဥမ္မါလာဂူ ငွေ(၁၀၀၀၀)ကျပ် လှူဒါန်းနေသော ...



http://www.dhammadownload.com



သက်နိုင်းတော် ကပ်လှူထားသော မဟာစေတီကို ရှိခိုးကြစဉ်

http://www.dhammadownload.com

http://www.dhammadownload.com



မဟာစေတီ၌ သင်္ကန်းတော်ကပ်လှူကြသော ဘုရားဖူး အလှူ့ရှင်များ

ပွၸၢယၢၵ ဝဵၵ်ႇ ၵုၼ်းပၢၵ်းယဝ်ႉႁိၵ်ႉ ၽႂ်းဢွၵ်းႁဵၵ ပွႆးမီး



http://www.dhammadownload.com



ရွှေတိဂုံ ပန်းပေါင်းစုံ ရုပ်ပွားဘုရားများနှင့် ပုံတူ မဟာစေတီအား ရှိခိုးပူဇော်စဉ်

http://www.dhammadownload.com

( ၆၀ါ - ၅ - ၆ ) ဥစ္စာကြဲတ်ယဝ်ယန်ဗဒေ ဝွံပ္ဍဝ်ဒေယျဂ ဓဝ်ဂှ် ဒါန်မၞိဟ်ဒေယာင်



http://www.dhammadownload.com

မဟာဂေါတမဗုဒ္ဓ၏
မဟာသုတ္တန်ပါဠိတော်တို့ဖြင့်
မဟာစေတီကို ပူဇော်ခြင်း

# ဒီဃနိကာယ်လာ မဟာ-ပါဠော
# မဟာသုတ္တန်တော်များ (၉)သုတ်

## မဟာသုတ္တန်တော်များ အပိုင်း(၁)

ပုံတူမဟာစေတီ ရွှေပြသာဒ်ကျောင်းဆောင်
ရေစက်ချ အလှူအထိမ်းအမှတ်

---

လှုရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ စုစည်းပူဇော်သည်

ဓမ္မဒါနကုသိုလ်ရှင်
ရဟန်းဒါယကာဦးတင်ချို+ဒေါ်နု၊ မိသားစု
ကောင်းမှု နိဗ္ဗာန်ဆု
၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်
(၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့)

http://www.dhammadownload.com

မဟာဂေါတမဗုဒ္ဓ၏
မဟာသုတ္တန်ပါဠိတော်တို့ဖြင့်
မဟာစေတီကို ပူဇော်ခြင်း

# မဇ္ဈိမနိကာယ်လာ မဟာ-ပါဠော
# မဟာသုတ္တန်တော်များ (၂၂)သုတ်

## မဟာသုတ္တန်တော်များ အပိုင်း(၂)

ပုံတူမဟာစေတီ ရွှေပြသာဒ်ကျောင်းဆောင်
ရေစက်ချ အလှူအထိမ်းအမှတ်

---

လှုရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ စုစည်းပူဇော်သည်

ဓမ္မဒါနကုသိုလ်ရှင်
ရဟန်းဒါယကာဦးတင်ချို+ဒေါ်နု၊ မိသားစု
ကောင်းမှု နိဗ္ဗာန်ဆု
၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်
(၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့)

http://www.dhammadownload.com

မဟာဂေါတမဗုဒ္ဓ၏
မဟာသုတ္တန်ပါဠိတော်တို့ဖြင့်
မဟာစေတီကို ပူဇော်ခြင်း

# သံယုတ္တနိကာယ်(၁၄)သုတ်
# အင်္ဂုတ္တရနိကာယ်(၂၀)သုတ်
# ခုဒ္ဒကနိကာယ်
# ခုဒ္ဒကငါးကျမ်းတွဲ(၁၈)သုတ်
# ဝိမာနဝတ္ထုလေးကျမ်းတွဲ(၁၄)သုတ်
# အပါဒါန်စရိယာပိဋကတ်(၁၀)သုတ်

## မဟာသုတ္တန်တော်များ အပိုင်း(၃)

ပုံတူမဟာစေတီ ရွှေပြာသာဒ်ကျောင်းဆောင်
ရေစက်ချ အလှူအထိမ်းအမှတ်

လုံရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ စုစည်းပူဇော်သည်

ဓမ္မဒါနကုသိုလ်ရှင်
ရဟန်းဒါယကာဦးတင်ချို+ဒေါ်နု၊ မိသားစု
ကောင်းမှု နိဗ္ဗာန်ဆု
၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်
(၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့)

http://www.dhammadownload.com




မဟာဂေါတမဗုဒ္ဓ၏
မဟာသုတ္တန်ပါဠိတော်တို့ဖြင့်
မဟာစေတီကို ပူဇော်ခြင်း

ဇာတကပါဠိတော်(၁၉)သုတ်
မဟာနိဒ္ဒေသသုတ္တန်(၁)သုတ်
ပဋိသမ္ဘိဒါမဂ်မဟာသုတ္တန်(၂)သုတ်
မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ



# မဟာသုတ္တန်တော်များ အပိုင်း(၄)
## (မဟာဝေဿန္တရာဇာတ်တော်မှာ အပိုင်း(၅)

ပုံတူမဟာစေတီ ရွှေပြသာဒ်ကျောင်းဆောင်
ရေစက်ချ အလှူအထိမ်းအမှတ်

လှုရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ စုစည်းပူဇော်သည်

ဓမ္မဒါနကုသိုလ်ရှင်
ရဟန်းဒါယကာဦးတင်ချို+ဒေါ်နု၊ မိသားစု
ကောင်းမှု နိဗ္ဗာန်ဆု
၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်
(၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့)

http://www.dhammadownload.com

မဟာဂေါတမဗုဒ္ဓ၏
မဟာသုတ္တန်ပါဠိတော်တို့ဖြင့်
မဟာစေတီကိုပူဇော်ခြင်း

ခုဒ္ဒကနိကာယ်
ဝိနယပိဋက (၃)ခန်း
အဘိဓမ္မပိဋက (၃)ခန်း

# မဟာသုတ္တန် ကျမ်းများအပိုင်း (၆)

ပုံတူမဟာစေတီ ရွှေပြသာဒ်ကျောင်းဆောင်
ရေစက်ချ အလှူအထိမ်းအမှတ်

လှုရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ စုစည်းပူဇော်သည်

ဓမ္မဒါနကုသိုလ်ရှင်
ရဟန်းဒါယကာဦးတင်ချို +ဒေါ်န မိသားစု
ကောင်းမှုနိဗ္ဗာန်ဆု
၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်
(၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့)

http://www.dhammadownload.com



# မဟာဂေါတမဗုဒ္ဓ၏
# မဟာသုတ္တန်ပါဠိတော်တို့ဖြင့်
# မဟာစေတီကိုပူဇော်ခြင်း



ခုဒ္ဒကနိကာယ်၊ အဘိဓမ္မပိဋက
မဟာပဋ္ဌာန်း
ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ
ကုသလတိတ်-ပဉ္စဝါရ
မဟာန္တရဒုက်၊ ဒုကပဋ္ဌာန်း၊
ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊
ဒုကဒုကပဋ္ဌာန်း

## မဟာသုတ္တန် တော်များအပိုင်း (၇)

ပုံတူမဟာစေတီ ရွှေပြသာဒ်ကျောင်းဆောင်
ရေစက်ချ အလှူအထိမ်းအမှတ်

လှရတနာဆရာတော်
ဘဒ္ဒန္တနာရဒါဘိဝံသ စုစည်းပူဇော်သည်

ဓမ္မဒါနကုသိုလ်ရှင်
ရဟန်းဒါယကာဦးတင်ချို +ဒေါ်နု မိသားစု
ကောင်းမှုနိဗ္ဗာန်ဆု

၁၃၇၇ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်
(၇-၆-၂၀၁၅၊ တနင်္ဂနွေနေ့)

http://www.dhammadownload.com

ဘုရားလောင်းဘဝဖြင့် ပါရမီဖြည့်ကျင့်ရာတွင်
နောက်ဆုံးဘဝဖြစ်သော
ဝေဿန္တရာမင်းကြီးဘဝ၌
"အလှူရဲ မင်းဝေဿန်"ဟူသော ဆိုရိုးစကားအတိုင်း
မြေကြီး(၇)ကြိမ် တုန်လှုပ်အောင် အလှူကြီး(၇)မျိုးတို့ကို
လှူဒါန်းခြင်း ဒါနပါရမီကို အဦးထား၍
ပါရမီ(၁၀)ပါးဖြည့်ကျင့်ပုံတို့ကို
ဖော်ပြသည့် ဂါထာပေါင်း တစ်ထောင်ဖြင့် တန်ဆာဆင်ထားသော

# မဟာဝေဿန္တရဇာတ်ပါဠိတော်

(ရွက်ရေ(၃၃)ရွက်ခွဲ၊ အခန်းပေါင်း-၁၃ခန်း၊ ဂါထာပေါင်း၇၈၆-ဂါထာ)

၁။ ဝေဿန္တရော မံ ပါလေတု၊
၂။ ဝေဿန္တရဇာတကံ မံ ပါလေတု၊
၃။ ဝေဿန္တရဇာတက ဒေသကော ဗုဒ္ဓေါ မံ ပါလေတု။

အရှင်နာရဒါဘိဝံသ (လှရတနာ)

၁၃၇၅-ခုနှစ် တပို့တွဲလဆန်း(၁)ရက် ၃၁၊ ၁၊ ၂၀၁၄ သောကြာနေ့

http://www.dhammadownload.com



မာရ်နတ်သားစသော မာရ်ငါးပါးတို့ကို ဖြတ်တောက်ဖျက်ဆီး အောင်မြင်ပြီး၍ ရန်သူအပေါင်းကိုလည်း အောင်မြင်ပြီးသူဖြစ်ရကား ဇာတိ အာဏာ ဝိသယာ ဟူသော သုံးဖြာသော ဗုဒ္ဓခေတ်၌ ပြိုင်ဖက်မပြု တဆူတည်းသော နေမင်း ဖြစ်တော်မူလေပြီ။

၅။ ထိုမြတ်စွာဘုရားရှင်သည် မြတ်သော တရားမင်းဖြစ်တော်မူ၏၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် မြတ်သော ပူဇော်ခံ ထိုက်သော မင်းဖြစ်တော်မူ၏၊ လူမင်းထီး ဗြဟ္မာမင်းထီး အရဟတ္တဖိုလ် ဝိမုတ္တိထီးအားဖြင့် ထီး(၃)လက်ကို ဆောင်တော်မူ၏၊ အသံတော်ဖြင့် မဟာသဟဿီ လောကဓာတ် စကြာဝဠာ ကမ္ဘာကိုလည်း ကြားစေခြင်း သိစေခြင်းငှါ စွမ်းနိုင်တော်မူပါပေ၏။

၆။ အကြင် ၁-စိတ်သီဟိုဠ်၊ မြန်မာ လိုကား၊ ၂-ပြည်သားမျှ၊ ပမာဏခေါ်၊ ဓာတ်တော်တို့သည်၊ ဒုဋ္ဌဂါမဏိ၊ မင်းကိတ္တိသည်၊ တည်ဘိကျော်ဟီး၊ မဟာစေတီတော်ကြီး၌၊ ဘောဂဝတီ၊ နဂါးပြည်မှ၊ ဆောင်သည်ပင့်လာ၊ ဌာပနာသော အခါ၌၊ သုံးဆယ့်နှစ်ဖြာ၊ လက္ခဏာတော်ကြီး၊ အံ့ချီးသွယ်သွယ်၊ ရှစ်ဆယ် လက္ခဏာ၊ စုံစွာကြည်လင်၊ ဘုရားအသွင်ကို၊ မချွတ်ထပ်တူ၊ ယူတော်မူ၍၊

http://www.dhammadownload.com



ပြိုးပြက် မောင်းထွေ၊ ညို-ရွှေ-ဖြူ-နီ၊ ခြောက်လီအာရုံ၊ ရောင်တော်စုံတို့ကို၊ နေ့ရော ညဥ့်ဆက်၊ ခုနစ် ရက်ပတ်လုံး၊ ဖြပ်မှာ အကနိဋ္ဌ၊ ဘုံသို့ကျလျက်၊ တောက်ပရောင် ဆင်း၊ ကျွန်းလုံးဝင်းအောင်၊ ထွန်းလင်းပြတော် မူပါပေကုန်၏၊ ထိုဘုရားသဗ္ဗညုကာန်၊ တူစွာ ဖန်လျက်၊ ရောင်လျှံခြောက်ပုံ၊ ရေမီးဟုန်ကို၊ စုံအောင်ထွန်းပ၊ ပြတော်မူကုန်သော၊ သရီရ ဓာတ်၊ မွေတော်မြတ်တို့ကို၊ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာသည်၊ မြတ်နိုးဦးခိုင်း၊ စမွှါယ်သိုင်းလျက်၊ ကိုင်းရှိုင်းကြည်ညို၊ ရိုသေလှစွာ၊ ဆယ်ချောင်း အညီ၊ အဥ္စလီကို၊ ဖြန့်ချီယှက်မိုး၊ တည်ငါးမျိုး ဖြင့်၊ မြတ်နိုးစေတနာ၊ ရှိခိုးပါ၏ဘုရား။

❀❀❀❀❀❀

http://www.dhammadownload.com



# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ၊ ရွှေလင်ပန်းဆရာတော်ကြီး ချီးမြှင့်သော ဘဝတု သဗ္ဗမင်္ဂလံ (၃)ဂါထာ နိဿယ

၁။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗဗုဒ္ဓါ နုဘာဝေန သဒါ သုခီ ဘဝန္တုတေ။
၁။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗဓမ္မာ နုဘာဝေန သဒါ သုခီ ဘဝန္တုတေ။
၁။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗသံဃာ နုဘာဝေန သဒါ သုခီ ဘဝန္တုတေ။

၁။ **သပ္ပုရိသာနံ**–သီလဝန် ပညာဝန် ဂုဏဝန်ဟု တန်ခွန်လွှင့်လူ အစဉ်ထူသည့် ဖြူစင်စိတ်ကောင်း ကိန်းအောင်းကြည်ရှင် သူတော်စင်တို့အား။ **သဗ္ဗမင်္ဂလံ**– သက်ရှည်ဆင်းလှ ချမ်းသာရ၍ ဘယဝေးကွာ၊ ဥစ္စာ စည်းစိမ်၊ ဂုဏ်သိရ်မြင့်မား၊ ကြီးပွါးချမ်းသာ၊ မင်္ဂလာကျက် သရေ၊ လျှံဝေမောက်ဖြိုး၊ ကောင်းကျိုးစုံပေါင်း၊ အကောင်းဟူသမျှသည်။ **ဘဝတု**–နေ့ရောည၌ပါ၊ ချိန်ခါ မရွေး၊ မနှေးလျင်စွာ၊ ဖြစ်ပေါ်လာပါစေသတည်း။

**သဗ္ဗဒေဝတာ**–လောက, သာသနာ၊ နှစ်ဖြာစောင့် ကြပ်၊ နတ်မြတ် နတ်ကောင်း၊ နတ်အပေါင်းတို့သည်။

http://www.dhammadownload.com



**ရက္ခန္တု**–ဘေးဆိုးရန်စွယ်၊ အန္တရာယ်ဟူသမျှ၊ ကင်းစင်ပအောင်၊ နေ့ညပုံသေ၊ စောင့်ရှောက်ကြ ပါစေကုန်သတည်း။

**သဗ္ဗဗုဒ္ဓါနုဘာဝေန**–ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ဂုဏ်းပြ၍၊ မှန်းဆမကုန်၊ ကောင်းခြင်းဂုဏ်တို့၊ လုံးစုံမြင့်မား၊ မြတ်စွာဘုရားတို့၏၊ စွမ်းအားရှိန်စော်၊ တန်ခိုးအာနုဘော်တော်ကြောင့်။ (**တေ သပ္ပုရိသာ**–ထိုသူတော်ကောင်းတို့သည်။) **သုခီ**–ကိုယ်ရောစိတ်ပါ၊ ကျန်းမာရွှင်လန်း၊ ချမ်းသာကြကုန်သည်။ **သဒါ ဘဝန္တု**–နေ့ရော ညဉ့်ပါ၊ ချိန်ခါမရွေး၊ မနှေးလျင်စွာ၊ ဖြစ်ပေါ်လာပါစေကုန်သတည်း။

၂။ **သပ္ပုရိသာနံ**–သီလဝန် ပညာဝန် ဂုဏဝန်ဟု တန်ခွန်လွင့်လူ အစဉ်ထူသည့် ဖြူစင်စိတ်ကောင်း ကိန်းအောင်းကြည်ရွှင် သူတော်စင်တို့အား။ **သဗ္ဗမင်္ဂလံ**–သက်ရှည်ဆင်းလှ ချမ်းသာရ၍ ဘဃဝေးကွာ၊ ဥစ္စာစည်းစိမ်၊ ဂုဏ်သိရ်မြင့်မား၊ ကြီးပွါးချမ်းသာ၊ မင်္ဂလာကျက်သရေ၊ လျှံဝေမောက်ဖြိုး၊ ကောင်းကျိုးစုံပေါင်း၊ အကောင်းဟူသမျှသည်။ **ဘဝတု**–နေ့ရောညဉ့်ပါ၊ ချိန်ခါမရွေး၊ မနှေးလျင်စွာ၊ ဖြစ်ပေါ်လာပါစေသတည်း။

http://www.dhammadownload.com



**သဗ္ဗဒေဝတာ**–လောက,သာသနာ၊ နှစ်ဖြာစောင့်ကြပ်၊ နတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့သည်။ **ရက္ခန္တု**–ဘေးဆိုးရန်စွယ်၊ အန္တရာယ်ဟူသမျှ၊ ကင်းစင်ပအောင်၊ နေ့ညပုံသေ၊ စောင့်ရှောက်ကြပါစေကုန်သတည်း။

**သဗ္ဗဓမ္မာနုဘာဝေန**–မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်အားဖြင့် ဆယ်တန်သော တရားတော်မြတ်တို့၏၊ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ (**တေ သပ္ပုရိသာ**–ထို သူတော်ကောင်း တို့သည်။) **သုခီ**–ကိုယ်ရောစိတ်ပါ၊ ကျန်းမာရွှင်လန်း၊ ချမ်းသာကြကုန်သည်။ **သဒါ ဘဝန္တု**–နေ့ရော ညဉ့်ပါ၊ ချိန်ခါမရွေး၊ မနှေးလျင်စွာ၊ ဖြစ်ပေါ်လာပါစေကုန်သတည်း။

၃။ **သပ္ပုရိသာနံ**–သီလဝန် ပညဝန် ဂုဏဝန်ဟု တန်ခွန်လွှင့်လူ အစဉ်ထူသည့် ဖြူစင်စိတ်ကောင်း ကိန်းအောင်းကြည်ရွှင် သူတော်စင်တို့အား။ **သဗ္ဗမင်္ဂလံ**–သက်ရှည်ဆင်းလှ ချမ်းသာရ၍ ဘယဝေးကွာ၊ ဥစ္စာစည်းစိမ်၊ ဂုဏ်သိမ်ရြိမ့်မား၊ ကြီးပွါးချမ်းသာ၊ မင်္ဂလာကျက်သရေ၊ လျှံဝေမောက်ဖြိုး၊ ကောင်းကျိုးစုံပေါင်း၊

http://www.dhammadownload.com



အကောင်းဟူသမျှသည်။ **ဘဝတု**–နေ့ရောညဉ့်ပါ၊ ချိန်ခါမရွေး၊ မနေးလျင်စွာ၊ ဖြစ်ပေါ်လာပါစေသတည်း။

**သဗ္ဗဒေဝတာ**–လောက,သာသနာ၊ နှစ်ဖြာစောင့်ကြပ်၊ နတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့သည်။ **ရက္ခန္တု**–ဘေးဆိုးရန်စွယ်၊ အန္တရာယ်ဟူသမျှ၊ ကင်းစင်ပအောင်၊ နေ့ညပုံသေ၊ စောင့်ရှောက်ကြပါစေကုန်သတည်း။

**သဗ္ဗသံဃာနုဘာဝေန**–အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလ္လာန် အစရှိသော အရိယာသံဃာ ရဟန္တာ အရှင်မြတ်တို့၏၊ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ (**တေ သပ္ပုရိသာ**–ထို သူတော်ကောင်းတို့သည်။) **သုခီ**–ကိုယ်ရောစိတ်ပါ၊ ကျန်းမာရွှင်လန်း၊ ချမ်းသာကြကုန်သည်။ **သဒါ ဘဝန္တု** – နေ့ရော ညဉ့်ပါ၊ ချိန်ခါမရွေး၊ မနေးလျင်စွာ၊ ဖြစ်ပေါ်လာပါစေကုန်သတည်း။

http://www.dhammadownload.com



**မှတ်ချက်။** ။ (တိပိဋကဩဝါဒါစရိယအဖွဲ့ဆရာတော် (၁၀)ပါးထဲမှ လှုရတနာ ဆရာတော် (၆၉)နှစ်မြောက် လွှတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရမှ ကြေညာသော သာသနာရေးဆိုင်ရာ ဘွဲ့တို့တွင် "အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ" ဘွဲ့ရသဖြင့် တိပိဋကဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ရွှေလင်ပန်း ဆရာတော်ကြီးက ချီးမြှင့်ရေးသားပေးသော မြန်မာပြန် နိဿယ ဖြစ်သည်။)

http://www.dhammadownload.com



## အင်းစိန်ရွာမ ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ချီးမြှင့်သော ကဗျာ

### ဂုဏ်အလှ

* ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း
မင်း၏သားငယ် သက်နှစ်ဆယ်သည်
ဘယ်ဂုဏ်မျိုးကို ကြိုက်သနည်း။

* ဆွေဂုဏ်မျိုးဂုဏ် ရာထူးဂုဏ်သည်
လူ့ဘုံလောက အကာမျှတည့်။

* သူကပြုစု မကြည်ဖြူ၍
ခွါယူလိုက ကွာ၍ကျ။

* ရိုးဂုဏ် ဖြောင့်ဂုဏ် ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက နှစ်သာရတည့်။

* သူကပြုစု မကြည်ဖြူလည်း
ခွါယူမရ ကွာမကျ။

(ဆရာဇော်ဂျီ)

http://www.dhammadownload.com



## အတွေးကောင်းလေး အမြဲတွေးပါ

သီလ သမာဓိ
ပညာပြည့်ဝ
မြတ်ပုညနှင့်
ဓမ္မတရား
တန်ခိုးငါးပါးကြောင့်
ထူးခြားတကယ်
တင့်တယ်လှပ
မြတ်ထေရအား
အာမိသ ဓမ္မ
နှစ်ဌာနဖြင့်
နေ့ညကော်ရော်
ပူဇော်ရမှု
ဒေါ်ရွှေဥ-တွေး
အာရုံပြုတွေး
ကျန်းမာအေးစေ
ချမ်းသာအေးစေ
တောင်းဆုချွေသည်
ကောင်းမှုထွေထွေ ပြုတိုင်းတည်း။

*ဘဒ္ဒန္တဂုဏိန္ဒ (ဓမ္မာစရိယ)*

*ဆင်ဖြူတောင် ဆရာတော် (၁၆၊ ၁၊ ၂၀၁၇)*

http://www.dhammadownload.com



**၂၀၁၇-ခုနှစ်၊ ဖေဖော်-နှစ်မြောက်၊လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ စာချနာယက ပထမကျော်၊ အဂ္ဂမဟာအကျော်၊ သ-စ-အ-ဓမ္မာစရိယ ဝင်္ဂသကာ၊ ဝိနယ ပါဠိပါရဂူ၊ တိပိဋကဩဝါဒါစရိယ လုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ-အား ဂုဏ်ပြုပူဇော်သဘင် ဆင်ယင်ကျင်းပရာတွင် ဦးသန်းအောင်ရွှေ (နိုင်ငံတော်သံဃမဟာနာယက၊ စာကြည့်တိုက်မှူး ငြိမ်း) ရေးသားပူဇော်အပ်သော(၇၀)ပေါ်ကတေးထပ်**

ဆို--သူဇာအောင်

နဖူးပြင် ဦးတင် မြူးရွှင်ပြလို့
ဖူးချင်စရာ့ ရဟန်းရှင်
အထူးပင်ဇယ ဒအောင်ပန်းဆင်သည်
ရောင်လျှမ်းရွှင်ကာ လွှန်တင့်ပြောား
ဦးနာရဒ အဘိဝံသာမည်
ကဝိအမွန်ဇာနည်အာဂထေရ်မြတ်တစ်ပါး။ ။

http://www.dhammadownload.com



ငယ်လက်အကြီး ဖြေလက်ပေရာ
ကျေနပ်စေဌာ အမှတ်များ
သေသပ်ပေစွာ အမှတ်ဇယားသို့
အမှတ်မမှား သွင်းကြသော်
အထူးအောင်ရန် ထင်မျှော်မှန်းလို့
အကျော်တန်းက အောင်ခဲ့အမှန်သော်. . . ။
အဂ္ဂမဟာ့အကျော်ဖြာသော်
ကထာပြန်ကျော်ယူပျော်ချိတ်လို့
လျှုသော်အောင်ဟိတ် ရွှေတံဆိပ်အလျှံဝါ-
ဖိတ်ဖိတ်ရောင်လျှံဖြာ-
နှစ်ရှည်ကာလ စာချလာရာ
အဂ္ဂမဟာဂန္ထဝါစကလေး. . . ။
တိပိဋကပြန်ကြသဘာ ဩဝါဒါစရိယာ-
ပါန္ဒွဲဆင်ခဲ့လေး. . . ။
ဘွဲ့ဂုဏ်ထူးတဲ့ ရွှေညာဏ်ရှင်ကို-
ရွှေသံလွင်ကုမ္ပဏီဂုဏ်ပြုပါလို့လေး. . . ။

http://www.dhammadownload.com



**၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီ-နှစ်မြောက်၊ လွှတ်လပ်ရေးနေ့တွင်**
**အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော**
**ရန်ကုန်တိုင်း၊ ပဲခူးမြို့နယ်၊ ပါဠိတက္ကသိုလ်**
**ညောင်တုန်းကျောင်းတိုက်၊ စာချနာယက ပဓာနကျော်၊**
**အဂ္ဂမဟာအကျော်၊ သ-စ-အ-ဓမ္မာစရိယ ဝင့်သကာ၊**
**ဝိနယ ပါဠိပါရဂူ၊ တိပိဋကဩဝါဒါစရိယ**
**လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ-အား**
**ဂုဏ်ပြုပူဇော်သဘင် ဆင်ယင်ကျင်းပရာတွင်**
**ဦးသန်းအောင်ရွှေ**
**(နိုင်ငံတော်သံဃမဟာနာယက၊ စာကြည့်တိုက်မှူး ငြိမ်း)**
**ရေးသားပူဇော်အပ်သော မင်္ဂလာရတုပိုဒ်စုံ**

ဆို--သူဇာအောင်

၁။ **ဖော်ညွှန်းရွှေစာ**၊ မြင်စရာတည့်၊ စာဝါပို့ချ၊ ထက်မြက်လှ၍၊ အဂ္ဂမဟာ ဂန္ထဝါစက၊ ဘွဲ့တော်ရသည့်၊ ဌာနတင့်ဆန်း၊ အရောင်လွှမ်းသား၊ ပဲခူးမြို့နယ်၊ နေဖွယ်သာဘိ၊ ပါဠိတက္ကသိုလ်၊ ညောင်တုန်းဆိုရာ ကျောင်းတိုက်တာမှ၊ လှုရတနာ၊ ဆရာတော်မြတ်၊ ထေရ်ဘဒ္ဒန္တာ နာရဒါဘိဝံသ၊ သမဏ၏ ဘဝကြောင်းရာ၊ အကျဉ်းသာလျှင်၊ ကဗျာရတု၊ ရေးသီပြုအံ့၊

http://www.dhammadownload.com



သုံးလူ့မြတ်စွာ၊ သာသနာတော်၊ ထွန်းရာမှတ်ပိုင်း၊ စစ်ကိုင်းတိုင်းသီး ဒေသကြီးဝယ်၊ ခိုမှီးအပ်စွာ အရာတော်မြို့၊ မချို့ပွါးတိုး၊ ငါးရဟိုးကျေးရွာ၊ ရပ်ဂါမာမှ၊ သဒ္ဒါကိန်းလှ၊ ဦးသိန်းရ နှင့် စာဂမတွန် ဒေါ်ခင်ညွန့် မှ၊ ရောက်ထကောဇာ၊ ထောင့်သုံးရာလှစ်၊ နှစ်ဆဲ့နှစ်တွင်၊ ဆန်းသစ်ရောင်ဝါ၊ တန်ဆောင်မာသ (၄)ရက်ကျပေ့၊ စနေနေ့တွင် ဖွားမြင်လာ၍၊ ချိန်ခါတွက်စစ်၊ သက်ဆယ် နှစ်ယောက်၊ မန်ကျည်းစောက်ရွာ၊ တည်ကာရှိပြီး၊ ရွှေထီးပေါက်ကျောင်း၊ ကိန်းပျော် အောင်းသော၊ နိုင်-ဩဆရာတော်၊ ထေရ်ကျော်မာလာ ဘဒ္ဒန္တာကို၊ ကြည်စွာ ဆိုငြား၊ ပဇ္ဇျာယ်ထား၍၊ ဘုရားမြေးချစ်၊ ရှင်စစ်သာ မဏော၊ ဖြစ်ခဲ့ပေကာ၊ ထွန်းတင့်စွာသည်. . . **ရွှေစာ ဖော်ညွှန်း မြင်စရာသကား။**

၂။ **တော်လွန်းသေချာ**၊ ထေရ်အလျာတည့်၊ ငယ်ခါမသွေ၊ လေးတန်းဖြေရာ၊ မြို့နယ်မှာစစ်၊ နံပါတ် (၁)မှာ အောင်မြင်လာခဲ့၊ ရှင်သာမဏေ၊ အငယ်တန်း ဖြေရာ၊ အခါမှာလည်း၊ မြန်မာပြည်လုံး၊ သိမ်းကြုံးစစ်က၊ ပထမတည့်၊ ထိုမှနောက်လွန် (၁၇)နှစ်၊ ရောက်လစ် သောခါ၊ ကြီးတန်းစာကို၊ သေချာကျက်မှတ်၊ ဖြေလတ် သောခါ၊ မြန်မာပြည်လုံး၊ သိမ်းကျုံးပထ၊ အောင်မြင်ရ၍၊

http://www.dhammadownload.com



ဆက်သဘွဲ့တော်၊ **ပထမကျော်**တည့်၊ နောက်သော် တစ်ထွေ၊ ဆူးလေစေတီ၊ ရေရှည်ကျောင်းပ၊ ပြန်ဆိုကြရာ အဘိဓမ္မာခေါ်မြဲ၊ စာပြန်ပွဲလည်း၊ ဝေခွဲလေဘိ၊ ပါဠိတော် ၄-အုပ်၊ အဟုတ်ပြန်ရာ၊ အောင်မြင်လာက၊ **ရှင္ငအာဘိ ဓမ္မိကဝိသိဋ္ဌ အဂ္ဂဝိသာရဒ ဉာဏ**ဆိုရာ၊ ဘွဲ့မြတ်စွာကို၊ ရှင်သာမဏော၊ ဘဝခြေမှာ၊ အောင်မြင်လာခဲ့၊ ချိန်ခါ စစ်တွက် အသက် (၂၀) အရွယ်ရောက်က၊ သမဏစစ်၊ ရဟန်းဖြစ်ကာ၊ ၂-နှစ်ကြာက၊ နှစ်ဝါရတွင်၊ **သက္ကျသီဟာ၊ ဓမ္မစရိယ၊ ဘိဝံသ**ကို **ပထမ**အနေ အောင်ခဲ့လေ၏။ အံ့ပေလောက်စွာ၊ ထိုနှစ်မှာပင်၊ ဓမ္မာစရိယ၊ ခေါ်ရတစ် ခန်း၊ စာချတန်းကို၊ ၃-ကျမ်းဖြေဖြစ်၊ တနှစ်ထည်းပင်၊ ပြည်ခွင်အလုံး၊ သိမ်းကျုံး ပထမ အောင်မြင်ရ၍၊ **အဂ္ဂမဟာ၊ အကျော်** သာလတ် ဘွဲ့မြတ်ရရာ ရွှန်းတင့်စွာ သည်... **သေချာတော်လွန်း အရှင်ပါတကား။**

၃။ **မော်ကွန်းငွေလွှာ တင်စရာတည်း။** (၃)ဝါတွက်စစ်၊ ရဟန်းဖြစ်ရာ ထိုအခါ၌၊ မဟာရန်ကုန်၊ ရွှေတိဂုံတွင်၊ ဆင်ယင်ကျောင်းပ၊ စေတိယင်္ဂဏတွင်၊ စာသဘင်၌၊ စာသင်စာချ၊ ထိုနှစ်ဝကို၊ မကျဆက်လက်၊ ရေတွက် ပထမ၊ အောင်မြင်ရ၍၊ ဘွဲ့ကထူးပြန်၊ **ဝဋံသကာ အဋ္ဌကထာပြန် အကျော်** - ဘွဲ့တော်ကိုချိတ်၊ ရွှေတံ

http://www.dhammadownload.com



ဆိပ်ရ၊ ထူးတင့်လှ၏၊ ထိုမှတစ်ဖြာ ဓမ္မာစရိယ၊ ရသင့်လှစွာ မြန်မာပါဠိ - ဂုဏ်ထူးရှိရာ နှစ်ဖြာ စလုံး အရကျုံး၏။ မှတ်သည့်နောက်မှာ စာချလာ၍ ခုခါတွက်ရိုး၊ (၆၉)စေ့၊ လွတ်လပ်ရေးနေ့မှာ၊ ရာဇာဆက်သ **အဂ္ဂမဟာ ဂန္ထဝါစက**၊ ဘွဲ့လည်းရ၏။ မှတ်သိထိုနောက် (၆၉)ကြိမ်၊ အရှိန်ကြီးစွ၊ တိပိဋကခေါ်မြဲ၊ စာသဘင်ပွဲ၏၊ **တိပိဋက ဩဝါဒါစရိယ** - ဖြစ်ထူးစွ၏။ ထူးလှစုံလင်၊ ဘွဲ့ဂုဏ်ရှင်အား၊ ကြည်လင် သဒ္ဓါ၊ ကြီးမားစွာလှ၊ ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံထ၊ သံဃာ့အစည်းအဝေးကြီး၏ အလျှုရှင်ဟု ပေါ်ထင်ဂုဏ်လင်း၊ ဦးသိန်းဝင်းအား ရည်စူးငြား၍၊ စိတ်ထားရွှင်ကြည်၊ တရားတည်သည့် ဒေါ်နီဟုတွင်၊ ရွှေသံလွင်မည်၊ ကုမ္ပဏီဟု မိသားစုမှ မြန်မာ့ကောဇာ ထောင့်သုံးရာလှစ် ခုနှစ်ဆယ့်ရှစ်မှာ ပြာသိုမာသ၊ ပြည့်ဝသည့်နေ့၊ **အမေများနေ့မှာ** သဒ္ဓါရွှင်ပြ ဂုဏပူဇာ ပြုကြပါသည် ငွေလှာ . . . **မော်ကွန်း တင်စရာတကား** . . . ။

http://www.dhammadownload.com



## "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဘဒ္ဒန္တသြဘာသာဘိဝံသ ဆရာတော်ဘုရားကြီး "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်ရရှိတော်မူသော ဘဒ္ဒန္တနာရဒါဘိဝံသ ဆရာတော် "မဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်ရရှိတော်မူသော ဒေါက်တာဘဒ္ဒန္တကိတ္တိဗလ ဆရာတော်တို့အား ဂုဏ်ပြုပူဇော်အပ်သော ဂုဏပူဇာ စကြာလည် သုံးချက်ညီ မင်္ဂလာရတုပိုဒ်စုံ

ရေး - စာဆိုရှင်နာဂကျော်ရင်(သဒ္ဓမ္မမဏ္ဍိုင်)
ဆို - တေးသံရှင်ရွှန်းလဲ့အောင်

တေဇာရောင်ခြည် ...၊ ထွန်းပေသည်တည့်၊ ရွှေပြည်မြန်မာ၊ တိုင်းမန္တလာဝယ်၊ သာယာခံ့ထည်၊ ချမ်းမြသာစည်၌၊ ဂုဏ်ရည်သိုက်မြိုက်၊ ဘုရားကြီးတိုက်၏၊ မကိုဋ်ပမာညီ၊ **အတုလကာရီ**ဟု၊ ခံ့ထည်လှစွာ၊ ဆင်မင်းဝိဟာ၏၊ ပဓာနနာယက၊ မဟာထေရဟု၊ ဂုဏကြီးစွာ၊ မင်းဆရာကား၊ **ဘဒ္ဒန္တသြဘာသာဘိဝံသ**၊ ဒုတိယဥက္ကဋ္ဌ၊ မဟာနတည့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၌၊ ရွှေစာဆင့်ဆင့်၊ အောင်လံလွှင့်၍၊ အမြင့်**သကျသီဟ**၊ အောင်ပွဲရခဲ့၊ နိစ္စရွှေစာ၊ ပို့ချလာ၍၊ များစွာနှစ်ပရိစ္ဆေဒ၊ **တိပိဋက**

http://www.dhammadownload.com



**ဩဝါဒါစရိယ**တည့်၊ နေလပမာ၊ ထင်ရှားလာသဖြင့်၊ မြန်မာသမ္မတ၊ အစိုးရတို့၊ အားရလွန်စွာ၊ ကြည်ညိုပါ၍၊ **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**နှင့်၊ **အဂ္ဂမဟာပဏ္ဍိတ**၊ ဆက်ကပ်ကြရှင့်၊ ထိုမှတဖြာ၊ သဒ္ဓါကြီးစွာဖြင့်၊ **အဘိဓဇ** အစပြု **မဟာရဋ္ဌဂုရု**ကို၊ ယခုကောဇာ၊ ၁၃၀၀-ဟု၊ သေချာတွက်စစ်၊ ၇၈ ဝယ်၊ ရှင်ချစ်အလိုညီ၊ ပူဇော်သည်ကို၊ ရွှင်ကြည်အားရ၊ များသိသဿတို့၊ ဓမ္မညီစွာ၊ ဂုဏ်ပြုပါသည်. . .၊ **ဇေယျာအောင်စည် ရွှမ်းသည်ဘုရား** . . ။

**ဇေယျာအောင်စည်** . . .၊ ဆော်ရွှမ်းလည်ရှင့်၊ ဖအမည်**ဦးသိန်း**ရ၊ **မိဒေါ်ခင်ညွန့်**မှသည်၊ ကာလထောင့်သုံးရာ၊ ၂၂ အခါ၌၊ ဖွားလာခဲ့ရ၊ **အရှင်နာရဒါဘိဝံသ**ကျော်၊ ဆရာတော်ကား၊ မြို့တော်ဒဂုံဗဟို၊ **ညောင်တုန်း ပါဠိတက္ကသိုလ်**ဝယ်၊ ထိုထိုဂန္ထာ၊ သင်, တတ်လာခဲ့၊ များစွာစာသဘင်၊ အရှင်နွှဲဆင်၍၊ အောင်မြင် **သ. စ. အ**၊ ဓမ္မာစရိယတည့်၊ ထိုမှတဖြာ၊ **ဝင်္ဂသကာ**နှင့်၊ **ဝိနယ**တွင်မူ၊ **ပါဠိပါရဂူ**တည့်၊ ပြိုင်သူကင်းသနော်၊ **ပထမ**ကျော်နှင့်၊ **အဂ္ဂမဟာအ**ကျော်၊

http://www.dhammadownload.com



ကော်ရော်လောက်စွ၊ ဘွဲ့ဂုဏ်ရခဲ့၊ နေ့ညစာဝါ၊ ပို့ချလာပြီး၊ ခြေရာဗုဒ္ဓ၊ ဥဒ္ဒိဿနှင့်၊ ပရိဘောဂညောင်ပါ၊ စိုက်ထူလာရှင့်၊ ဗုဒ္ဓါစွယ်မြတ်၊ သရီရဓာတ်လည်း၊ လေးမြတ်ဂါရဝါ၊ ပူဇော်လာခဲ့၊ ရွှေစာကျမ်းတော်၊ ၆ဝ ကျော်ကို၊ ရှုမျှော်လေးမူ၊ ရေးတော်မူရှင့်၊ ဆူဆူများစွာ၊ သာသနာကို၊ ထမ်းလာသောအရှင်၊ ပူဇော်ချင်၍၊ ဂုဏ်အင်ကြီးလှ၊ သမ္မတတို့၊ **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**ကို၊ ဓမ္မညီစွာ၊ ပူဇော်ပါသည် . . .၊ **ခေမာဆောင်မည် မှန်းသည်ဘုရား . .**။

**ခေမာဆောင်မည် . . .**၊ ရည်ရွယ်သည်တည့်၊ ဘွဲ့အမည်**အရှင်ကိတ္တိဗလ**၊ **ပါမောက္ခ**နှင့်၊ ဘွဲ့ရ**ဒေါက်တာ**၊ ထေရ်မဟာကား၊ ဂုဏာသရဖူ၊ သီတဂူဟု၊ ပြည်သူကြည်ညို၊ ရန်ကုန်ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဝယ်၊ ညွှန်းဆိုလောက်ပြန်၊ သင်ကြား စီမံတည့်၊ တဖန်ထိုမှ၊ ဓမ္မကထိက၊ ဥက္ကဋ္ဌနှင့်၊ လက်ထောက်မော်ကွန်းထိန်းတမူ၊ တာဝန်ယူ၏၊ ရွှေပြည်ဒေသာ၊ ရပ်များစွာဝယ်၊ ပြိုလာစေတီယ၊ ပြင်ပြီးမှလျှင်၊ စေတီယအသစ်များစွာ၊ အရှင်တည်လာရှင့်၊ ရွှေစာဓမ္မာစရိယ၊ ဘွဲ့ကိုရပြီး၊

http://www.dhammadownload.com



**ဝိနယဝိဒူ**၊ ဘွဲ့ထူးယူခဲ့၊ ပြည်သူများစွ၊ သဘာဝဟု၊ ဘယများစွာ၊ တွေ့ကြုံရာဝယ်၊ စာနာလေးမူ၊ ထောက်ပံ့ကူတည့်၊ ဆူဆူများစွာ၊ သာသနာ့ဝန်တာကို၊ ဆောင်လာခဲ့ပုံ၊ အရှင့်ဂုဏ်ကို၊ ကြည်ယုံသဒ္ဓါ၊ ကြီးလှစွာဖြင့်၊ မဟာသမ္မတ၊ အစိုးရတို့၊ **မဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တမူ၊ ကပ်တော်မူခဲ့၊ သီတဂူအစပြု၊ **ဒေါ်ရွှေဥက**၊ ဂုဏ်စုဝန်းရံ၊ **ချက်ထရီယံ၌**၊ သုံးတန်ထေရ်မဟာ၊ ပူဇော်ပါသည် . . .၊ **တေဇာရောင်ခြည် လွှမ်းသည်ဘုရား. . .**။ ။

⁂

http://www.dhammadownload.com



**"အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရရှိတော်မူသော**
**ဘဒ္ဒန္တသြဘာသာဘိဝံသ ဆရာတော်ဘုရားကြီး**
**"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်ရရှိတော်မူသော**
**ဘဒ္ဒန္တနာရဒါဘိဝံသ ဆရာတော်**
**"မဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်ရရှိတော်မူသော**
**ဒေါက်တာဘဒ္ဒန္တကိတ္တိဗလ ဆရာတော်တို့အား**
**ဂုဏ်ပြုပူဇော်အပ်သော ရှစ်ဆယ်ပေါ် တေးထပ်**

ရေး - စာဆိုရှင်နာဂကျော်ရင်(သဒ္ဓမ္မမဏ္ဍိုင်)
ဆို - တေးသံရှင်ရွှန်းလဲ့အောင်
စောင်း -

ပိဋကတ်ဆောင် သမ္မာလျှံကြွ
ကမ္ဘာဌာန်မက ထေရ်သုံးဆူ။
မြန်မာစံ သမ္မတ နေနှုန်းလျော်ပေ
ပြည်လုံးကျော်စေ ဘွဲ့တော်နှင်း။
**အတုလကာရီ ဆင်မင်း** ဒုဥက္ကဋ္ဌ-
သံဃမဟာနာယက အကျော်ကို
**အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တော်-
ဆက်ကပ်ပါဘိခြင်း။

http://www.dhammadownload.com



**မဟာဂန္ဓဝါစကပဏ္ဍိတ** ဘွဲ့မြတ်ရတနာပေ
ဆက်ကပ်ပါသလေ **အရှင်ကိတ္တိဗလ** ထံရင်း။
**လှရတနာ** ထေရ်မဟာမြတ်-
တေဇာဓာတ်ထွန်းစွာ
**အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ** ဆက်ကပ်ပေတာ။
**သီတဂူဒေါ်ရွှေဥ** သံဃမာတာသည်-
စံပြသဒ္ဓါအသိမြတ်နဲ့
ကဝိ နဝရတ်သုံးပါးထေရ်မဟာ **(ထိ ဟုဖတ်)**
ထုံးတရားညီစွာ။
ခြိမ့်ခြိမ့်သဲသဲ နတ်ပြည်လျှံအောင်
ချက်ထရီယံမှာ ဂုဏ်ပြုပါသဖျော့လေး . . ။
သုံးပါးထေရ်မြတ် ရွှေဘုန်းသမ္ဘာသည်
နေနှုန်းပမာ အလွန်ကြီးပါဘိလေး . . ။
ပူဇော်မှုနဲ့ နိဗ္ဗာန်ယူမယ်
စိတ်ကြံအတူ အောင်ကြောင်းသာပလေး--။

http://www.dhammadownload.com



**၂၀၁၇–ခုနှစ်၊ ၆၉–နှစ်မြောက်၊ လွတ်လပ်ရေးနေ့တွင်**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**
**ဆက်ကပ်ခြင်းခံရသော**
**ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်**
**ညောင်တုန်းကျောင်းတိုက်**
**စာချနာယက ပထမကျော်၊ အဂ္ဂမဟာအကျော်၊**
**သ .စ .အ ဓမ္မာစရိယ, ဝဋံသကာ**
**ဝိနယပါဠိပါရဂူ တိပိဋကကြိဝါဒါစရိယ**
**လှေတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသအား**
**ဂုဏ်ပြုပူဇော်သဘင် ဆင်ယင်ကျင်းပရာတွင်**
**ကံကြီးဆရာတော် ဘဒ္ဒန္တဝေပုလ္လ**
**(တိပိဋကကြိဝါဒါစရိယ)ရေးသား ပူဇော်အပ်သော**
**ထုတိကြဘာ, မင်္ဂလာရတုပိုဒ်စုံ**

ဆို--ဆရာ ဦးမင်းဟန်၊

စောင်း- ဆရာမ-ဒေါ်စန်းစန်းကြည်

၁။ ပြေလုံးကြေညာ၊ လွန်သာယာသည့်၊ ဇေယျာ စစ်ကိုင်း၊ ညို့ညို့မှိုင်းလျက်၊ တိုင်းကြီးဒေသာ၊ ဝင့်ထယ် ဝါ၍၊ အရာတော်မြို့နယ်၊ ပြည့်စုံကြွယ်လျက်၊ တကယ်

http://www.dhammadownload.com



ဘဖွံ့ဖြိုး၊ ဂုဏ်မညှိုးသည့်၊ ငါရဟိုးကျေးရွာ၊ ရပ်ဂါမာတွင်၊ ဖခင်ဦးသိန်းရ၊ ဘဝဖော်ကွန့်၊ ဒေါ်ခင်ညွန့်တို့၊ စွန့်စွန့်စားစား၊ သားလှရတနာ၊ ထောင်သုံးရာ နှစ်ဆယ်၊ နှစ်နှစ်ကယ်၍၊ လဝယ်တန်ဆောင်မုန်း၊ ဆန်းတုန်းပက္ခ၊ လေးရပ်မျှလျှင်၊ နေ့တွင်စနေ၊ ဖွားသန့်ပေ၍၊ ကျောင်းနေပျော်ကာ၊ အရာတော်မြို့နယ်၊ လေးတန်းဝယ်ပထမ၊ ရပြီးမှနောက်၊ ရွှေပေါက်ထီးဝိဟာရ၊ ဘဒ္ဒန္တမာလာ၊ မြတ်ထေရာကို၊ ဥပဇ္ဈာမူ၊သာမဏေပြုကာ၊ မန္တလာသမိုက်၊ ဘုရားကြီးတိုက်ရာမ်၊ ဒေါနခြိ်အုဋ္ဌကျောင်း၊ ထေရ်ရှင်ကောင်းထံ၊ နည်းနာခံလျက်၊ အခြေခံစာများ။ သင်ကာကြား၍၊ ဘုရားသာသနာ၊ ထမ်းဆောင်လာသည်၊ ကြေညာပြေလုံး၊ ရောက်စေသော်။

၂။ နေနှုံးဝေဖြာ၊ ကြည်လင်သာ၍၊ ချမ်းသာကုံလုံ၊ မြို့ရန်ကုန်ရှိ၊ ပါဠိတက္ကသိုလ်၊ ညောင်တုန်းကိုလျှင်၊ ဆည်းကပ်ဝင်၍၊ သက်တွင်ဆယ့်လေး၊ ငယ်ရွယ်သေးလည်း၊ ရေးဖြေပထမငယ်တန်း၊ အောင်ပန်းပထမ၊ တပြည်လုံးတွင်ရ၍၊ ပထမကြီးတွင် ပထမကျော်၊ အောင်ပြီးသော်ကား၊ တဖော်စုဋ္ဌအာဘိဓမ္မိက၊ ဝိသိဋ္ဌအဂ္ဂဝိသာရဒ၊ ဘွဲ့ကိုရ၍၊ ဧကသဟဿ၊ တိသတနှင့်၊ ဧကစတ္တာလီ၊ ကုန်ရာသီမာသ၊ ကဏှပက္ခာ၊ သုံးရက်သာတွင်၊ ပါဠိတက္ကသိုလ်၊ ညောင်တုန်းဆိုသည့်၊ ဗဟို

http://www.dhammadownload.com



သာသန၊ သိမ်သိမဥ္၊ ဘဒ္ဒန္တနာဂဝံသ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ ဗားကရာမည်ရ၊ ထေရအကျော်၊ ဆရာတော်ကို၊ ကော်ရော်သမ္မု ဥပဇ္ဈာယ်ပြု၍၊ ဥပသမ္ပဒံ၊ ပဥ္ဇင်းခံကာ။ ဘဒ္ဒန္တနာရဒ၊ ဘွဲ့တော်သကာ၊ ထွန်းပေါ်လာသည်၊ ဝေဖြာနေနှုံး၊ မောက်စေသော်၊

၃။ ရွှေဘုန်းတေဇာ၊ ထွန်းလင်းဖြာလျက်၊ နှစ်ဝါအရ၊ သကျသီဟာ၊ မေးဖြေစာကို၊ အောင်ကာ ပထမ၊ ပရိယတ္တိ သာသနဟိတ၊ သကျသီဟ ဓမ္မာစရိယ၊ ဘွဲ့တော်ရ၍၊ အစိုးရ ဓမ္မာစရိယ၊ စာချတန်းတွင်၊ ပြည်ဘခွင်မှ၊ ပထမရ၍၊ သာသနဓဇ၊ ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်၊ ရွှေဘွဲ့တော်နှင့်၊ တဖော်စေတိယင်္ဂဏ၊ ဓမ္မာစရိယ၊ ဂဏဝါစက၊ ဝဋံ့သကာ၊ အဌကထာပြန်အကျော်၊ ရွှေဘွဲ့တော်ခံ၊ ပဋိသမ္ဘိဒါမဂ်ဘာသာဖြင့်၊ သာသနဓဇ သီရိပဝရ၊ ဘွဲ့တော်ရ၍၊ ဝိနယပါရဂူ၊ အောင်လံထူကာ၊ တဆူနိကာယ၊ ဝိသိဋ္ဌ ဝိနယဝိဒူ၊ အောင်တော်မူဘိ၊ တိပိဋက စာဌာနတွင်၊ ဥဘတောဝိဘင်္ဂရကောဝိဒ၊ ဘွဲ့တော်ရလျက်၊ တိပိဋက ဩဝါဒါစရိယတဆူ၊ ဖြစ်တော်မူ၍၊ လူတို့ဥက္ကဋ္ဌ၊ သမ္မုတိနတ်ဟု၊ သတ်မှတ်လေပြန်၊ နိုင်ငံတော်မှ၊ အဂ္ဂမဟာဂန္ထဝါစက၊ ပဏ္ဍိတဟု၊ ဆက်သမှန်စွာ၊ အပ်နှင်းလာသည်၊ တေဇာရွှေဘုန်းတောက်စေသော်။ ။ ။

http://www.dhammadownload.com



၂၀၁၇-ခုနှစ်၊ ၆၉-နှစ်မြောက်၊ လွှတ်လပ်ရေးနေ့တွင်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်
ဆက်ကပ်ခြင်းခံရသော
ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်
ညောင်တုန်းကျောင်းတိုက်
စာချနာယက ပထမကျော်၊ အဂ္ဂမဟာအကျော်၊
သ .စ .အ ဓမ္မာစရိယ, ဝင္ခံသကာ
ဝိနယပါဠိပါရဂူ တိပိဋက ဩဝါဒါစရိယ
လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသအား
ဂုဏ်ပြုပူဇော်သဘင် ဆင်ယင်ကျင်းပရာတွင်
ကံကြီးဆရာတော် ဘဒ္ဒန္တဝေပုလ္လ
(တိပိဋကဩဝါဒါစရိယ)ရေးသား ပူဇော်အပ်သော
ဂုဏာထောမနာ ရှစ်ဆယ်ပေါ် တေးထပ်

ဆို--ဆရာ ဦးမင်းဟန်၊

စောင်း- ဆရာမ-ဒေါ်စန်းစန်းကြည်

ဘဒ္ဒန္တာ နာရဒါဘိဝံသ
အတိပသန္န ကြည်ညိုစရာ
သိရှိရန်ပ ဓိတိမန္တ အဓိပတိဆန္ဒ အလွန်ပိုပါသည်
ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဖွား
ပဓာန စာချ ပါကဋနာယက ပထမကျော်

http://www.dhammadownload.com



အဂ္ဂမဟာအကျော်
အဌကထာပြန်အကျော်ကျော်သုံးကျော်ဆင့်ပွား
အစစ အာစရိယ သ-စ-အ ဓမ္မာစရိယ ဝင့်သကာ
ဝိနယပါဠိပြပါရဂူပါ အောင်မြင်ငြား
တိပိဋကသြဝါဒါစရိယာ အခေါင်တင်ထားလို့
နောင်အစဉ်ပွားသာသနာ
ကံထက် ဉာဏ်ထက် ဟန်ချက်ညီညီ ဝီရိယထားလို့
အတိဂါရဝတရားဖြင့် ပူဇော်ကာ
မြန်မာ့ဌာန စံပြစရာပ ဂန္ထကာရက ပြုစုပါသည်
ကုကုသလာမြင့်မားလို့
စာအုပ်ရေများ ခြောက်ဆယ်ကျော်
ရေးသားခဲ့ပြီးသော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို
နိုင်ငံတော်မှ အပ်နှင်းသည့်ဘုရာ့လေး----
တပည့်ဒကာအများတို့ ပီတိသဒ္ဒါပွားဖို့
ရှုပဏာထားလို့ ပူဇော်ပါသည်
သူတော်ဒကာ ကြည်နူးရွှင်ပျလေး--
ငြိမ့်ငြိမ့်ခဲကြ သိမ့်သိမ့်နွဲ့ကြ ခြိမ့်ခြိမ့်သဲမျှ
စည်ကားပါသည်
ပြည်ဖွားရတနာ အစစ်ပေမို့လေး-----॥

http://www.dhammadownload.com



၂၀၁၇–ခုနှစ်၊ ၆၉–နှစ်မြောက်၊ လွတ်လပ်ရေးနေ့တွင်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်
ဆက်ကပ်ခြင်းခံရသော
ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်
ညောင်တုန်းကျောင်းတိုက်
စာချနာယက ပထမကျော်၊ အဂ္ဂမဟာအကျော်၊
သ .စ .အ ဓမ္မာစရိယ, ဝင်္ဂသကာ
ဝိနယပါဠိပါရဂူ တိပိဋက ဩဝါဒါစရိယ
လှူရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသအား
ဂုဏ်ပြုပူဇော်သဘင် ဆင်ယင်ကျင်းပရာတွင် ကံကြီးဆရာတော်
ဘဒ္ဒန္တဝေပုလ္လ (တိပိဋကဩဝါဒါစရိယ)ရေးသား ပူဇော်အပ်သော
ဂုဏကိတ္တန တေးထပ်

ဘဒ္ဒန္တာ နာရဒါဘိဝံသ
အဓိက ညွှန်းဆို
ညောင်တုန်းကျောင်း ပါဠိတက္ကသိုလ်မှာ
ကျမ်းထိုထိုပြုငြား
သ-စ-အ-စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယတွေမှာ
ပထမအနေ ဝင်္ဂသကာဘွဲ့ချီလို့ထား

http://www.dhammadownload.com



ပထမကျော် အင္ဂမဟာအကျော် အဋ္ဌကထာ
ပြန်အကျော်
ကျော် သုံးကျော်ရငြား
အတော်ဆုံးနော် ကျော်ကြားလို့
ဒကာ ဒကာမများ ကြည်ညို
စာချရာတွင် အလွန်ကောင်း
တပည့်အပေါင်း အားထားမှီခို
တိပိဋကစာမေးပွဲဆိုလျှင်
ဩဝါဒါစရိယကို တင်ကာထားလို့
အထင်အရှားသိရှိကာ
ဂုဏ်ပြုလျက်သာ
နိုင်ငံတော်မှ ဆက်သလာသည်
အင္ဂမဟာဂန္ထဝါစကပဏ္ဍိတတဲ့လေး။ ။ ။

http://www.dhammadownload.com



# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊
ရန်ကုန်မြို့

စာအမှတ်၊ ၀၀၁ /တိ-ဩ/ တိ-၉/သသန- စာမေးပွဲ
ရက်စွဲ၊ ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅-ရက်
၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

အကြောင်းအရာ။ ။ **တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဩဝါဒါစရိယ ဆရာတော်များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်၊ (၈)ရက် ၂၀၁၆-ခုနှစ်၊ နိုင်ဝင်ဘာလ ၂၁ရက်၊ ၂၂-ရက်နေ့တို့တွင် ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေးက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်များကို ဖော်ပြပါအတိုင်း ဖွဲ့စည်းလိုက်သည်-

http://www.dhammadownload.com



| စဉ် | ဘွဲ့တော် | အသက်/သိက္ခာ | ကျောင်းတိုက် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တပညိဿရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) | ၈၁/၆၁ | သာသနာ့ဂုဏ်ရည်ကျောင်း လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂။ | ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | ၈၁/၆၁ | မိုးကောင်းကျောင်းတိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၃။ | ဘဒ္ဒန္တစိန္တာသာရ (အဂ္ဂမဟာပဏ္ဍိတ) | ၇၉/၅၈ | သံဃာရာမတိုက် မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄။ | ဘဒ္ဒန္တမာဃိန္ဒာဘိဝံသ (ဒီဃနိကာယကောဝိဒ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) | ၇၈/၅၈ | ဇေယျသိဒ္ဓိမဟောက်ကျောင်းတိုက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၅။ | ဒေါက်တာဘဒ္ဒန္တအဂ္ဂီသ (အဂ္ဂမဟာပဏ္ဍိတ၊ ဒီဃနိကာယကောဝိဒ) | ၇၆/၅၆ | ပါဠိကာရီကျောင်းတိုက် သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆။ | ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) | ၇၃/၅၄ | မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၇။ | ဘဒ္ဒန္တဥေ ယျာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) | ၇၀/၅၀ | မစိုးရိမ်တိုက်၊ အာဂမနယူပဒေသကျောင်း မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။ |
| ၈။ | ဘဒ္ဒန္တဝေပုလ္လ (သာသနဓဇဓမ္မာစရိယ) | ၇၀/၅၀ | ကန်ကြီးကျောင်း ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |

http://www.dhammadownload.com



၉။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ၅၉/၃၉ တိပိဋကမဟာဂန္ဓဝင်
(တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ နိကာယ်ကျောင်းတိုက်
အဂ္ဂမဟာပဏ္ဍိတ) ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ဘဒ္ဒန္တနာရဒါဘိဝံသ ၅၇/၃၆ ပါဠိတက္ကသိုလ်ညောင်တုန်း
(ပထမကျော်၊အဂ္ဂမဟာအကျော်၊ ကျောင်းတိုက်၊လှုရတနာကျောင်း၊
အဌကထာပြန်အကျော်၊ ဗဟန်းမြို့နယ်၊
စေတိယင်္ဂဏ-ဝင်္သကာ) ရန်ကုန်တိုင်းဒေသကြီး

ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဌဆရာတော်

ဘဒ္ဒန္တဂုဏိကာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်
ဆရာတော်

ဖြန့်ဝေခြင်း-

တိပိဋကဓရတိပိဋကကောဝိဒသြဝါဒါစရိယ ဆရာတော်ကြီးများအားလုံး၊

မိတ္တူကို

- ဝန်ကြီးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန (သာသနာရေး)၊ နေပြည်တော်
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ နေပြည်တော်
- ညွှန်ကြားရေးမှူး (စီမံ) (စာမေးပွဲ)၊ သာသနာရေးဦးစီးဌာန
- ဌာနစု(၁၂)၊ ငွေစာရင်းဌာန၊ နေပြည်တော်
- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ

http://www.dhammadownload.com



**ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး**
**ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်**

ဆက်ကပ်ပါရန်

ဘဒ္ဒန္တနာရဒါဘိဝံသ
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်
ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်

ရက်စွဲ၊ ၅၊ ၁၊ ၂၀၁၇

အကြောင်းအရာ။ ။ **ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာ ဆက်ကပ်ခြင်းပါဘုရား**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ၁၃၇၈ခုနှစ်၊ ပြာသိုလဆန်း ၇ရက်၊ ၄၊ ၁၊ ၂၀၁၇ ရက် (လွတ်လပ် ရေးနေ့)တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် နိုင်ငံတော် သမ္မတက ဂန္ထဓူရပရိယတ္တိ

http://www.dhammadownload.com



ဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓူရပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခဲ့ပါသည်ဘုရား။

၂။ နိုင်ငံတော်သမ္မတက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသ၊ ပါဠိတက္ကသိုလ် ညှောင်တုန်းကျောင်းတိုက် ဆရာတော်ဘုရားမှ ရရှိခဲ့ပါသဖြင့် တပည့်တော် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးနှင့် အရာထမ်းအမှုထမ်းများ အားလုံးက ဝမ်းမြောက်ဂုဏ်ယူ သာဓုခေါ်ပါကြောင်းနှင့် ဆထက်တိုး၍ သာသနာ့အကျိုး သယ်ပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုသဝဏ်လွှာ ဆက်ကပ် အပ်ပါသည်ဘုရား။

ရှိသေစွာရှိခိုးလျက်

ဦးစိန်မော်
တိုင်းသာသနာရေးမှူး
ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး

**ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်**

http://www.dhammadownload.com



# ညောင်တုန်းကျောင်းတိုက်၊ စာချ နာယက
# လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ
# (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ သ-စ-အ-ဓမ္မာစရိယ၊ ဝင့်သကာ၊ ဝိနယပါဠိပါရဂူ၊ တိပိဋကဩဝါဒါစရိယ)၏
# ထေရုပ္ပတ္တိအကျဉ်း
## သက်တော် (၅၇)နှစ်၊ သိက္ခာတော် (၃၆)ဝါ
## ဝိဇာတမင်္ဂလာ နှင့် ပဗ္ဗဇ္ဇမင်္ဂလာ

လှရတနာ ဆရာတော်သည် စစ်ကိုင်းတိုင်း ဒေသကြီး၊ အရာတော်မြို့နယ်၊ ငါးရဟိုးကျေးရွာ၊ အဖ-ဦးသိန်းရ၊ အမိ-ဒေါ်ခင်ညွန့်-တို့မှ ၁၃၂၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄)ရက်၊ စနေနေ့တွင် ဖွား မြင်သည်။ မွေးချင်း (၄)ဦးတွင် တတိယမြောက် သား ရတနာဖြစ်သည်။

အစိုးရမူလတန်းကျောင်း (၄)တန်းကို အရာတော် မြို့နယ်တွင် ပထမရလျှက် အောင်မြင်ခဲ့သည်။ ၁၃၃၂-ခုနှစ်၊

http://www.dhammadownload.com



တပေါင်းလပြည့်နေ့တွင် မန်ကျည်းစောက်ရွာ ရွှေထီး ပေါက်ကျောင်းတိုက်၌ နိုင်ငံတော် ဩဝါဒါစရိယ ဆရာ တော်ကြီး ဦးမာလာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ ၁၃၃၅-ခုနှစ်၊ တန်ခူးလဆုပ် (၁၃)ရက် နေ့တွင် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ဒေါနခြံ အုဋ္ဌကျောင်းသို့ရောက်၍ အငယ်တန်း အခြေပြု စာများ ကို ကျက်မှတ်သည်။

## ဝိဇယမင်္ဂလာ - စာမေးပွဲများ အောင်မြင်ခြင်း

၁၃၃၆-ခုနှစ်၊ ပထမဝါဆိုလဆုပ် (၈)ရက်နေ့တွင်မူ ရန်ကုန်မြို့၊ ဗဟန်းပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်း တိုက်သို့ ရောက်ရှိလာပါသည်။ ထိုနှစ်တွင်ပင် အစိုးရ စာမေးပွဲ အငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ အသက် (၁၄)နှစ်အရွယ်မျှဖြင့် တပြည်လုံးတွင် ပထမ ရရှိခဲ့သည်။ (၁၇)နှစ်အရွယ်တွင်မူ အကြီးတန်းကိုဖြေဆိုရာ တပြည် လုံးတွင် အမှတ်အများဆုံးဖြင့် "ပထမကျော်" ရရှိပြီး အောင်မြင်ခဲ့သည်။ ကိုရင်ဘဝဖြင့်ပင် ဆူးလေစေတီ အဘိဓမ္မာစာမေးပွဲ တွင်လည်း အဘိဓမ္မာ ပါဠိတော် (၄) အုပ်ကို အာဂုံ+ရေးဖြေ အောင်မြင်သောကြောင့် "စူဠ အာဘိဓမ္မိက ဝိသိဋ္ဌ အဂ္ဂဝိသာရဒဉာဏ"ဘွဲ့ကို ရရှိခဲ့သည်။

http://www.dhammadownload.com



၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်နေ့တွင် ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက် သာသနမဏ္ဍိုင် ခဏ္ဍသိမ်တော်၌ အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးဆရာတော်ကြီး ဦးနာဂဝံသ ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ရဟန်းဒကာ + ဒကာမများ မှာ ဦးကြွေ + အမေစိန် မိသားစု၊ ဦးရှမ်း+ ဒေါ်ခင်သန်း မိသားစု၊ ဦးသိန်းရ + ဒေါ်ခင်ညွန့် မိသားစု၊ ဒေါ်ယဉ်မေ မိသားစု၊ ဒေါ်ညွန့်ညွန့်မြိုင်၊ ဦးကြည်ဝင်း (ယူပီဂျီကုမ္ပဏီဥက္ကဋ္ဌ)+ ဒေါ်ရီရီအေး မိသားစု၊ ဦးတင်ချို+ ဒေါ်နု မိသားစု၊ ကိုအောင် (တင် ဘတ္ထရီ) မိသားစု၊ ဦးချစ်အေး+ ဒေါ်ကြင်လှ မိသားစု၊ ဒေါ်စောရီ၊ ဒေါ်မိမိလေး၊ ဦးမြ+ဒေါ်အေးသန်း မိသားစု၊ ဒေါ်မြဝင်း မိသားစု၊ ဒေါ်ရွှေဥ (ရွှေဥ ရာစုသစ်)၊ ဦးအောင်ကြည်+ ဒေါ်အုံးခင် (သပြေနွယ် ဆေးခန်း) မိသားစု၊ ဦးရိုန်မြင့်+ ဒေါ်ခင်သန်းမြင့် မိသားစု၊ ကိုဌေးဝင်း+ဒေါက်တာ အေးအေးမော် မိသားစု၊ ကိုတင်အေး+ မနွယ်မိသားစု၊ ကိုသန်းဇော်+ဒေါက်တာတင်နွယ်ဝင်း မိသားစု၊ ဦးလှသောင်း+ဒေါ်လှဲ့လှဲ့ဝင်း (၉၉၉) မိသားစုနှင့် ဗုဒ္ဓဂယာပုညသဟာယကအဖွဲ့ စသည်တို့ ဖြစ်ကြ၏။

http://www.dhammadownload.com



ရဟန်း (၂)ဝါအရတွင် မန္တလေးမြို့၊ သကျသီဟ အသင်း စာသင်တန်း + စာချတန်းတို့ကို ပထမအနေဖြင့် အောင်မြင်သောကြောင့် "ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယဘွဲ့" ကို ရရှိသည်။ ရဟန်းဝါ (၂)ဝါမှာပင် အစိုးရမှ ကျင်းပသည့် ဓမ္မာစရိယ စာချတန်းတွင် တပြည်လုံး၌ တနှစ်တည်းဖြင့် (၃)ကျမ်းလုံးကို အမှတ်အများဆုံး ပထမ ရရှိလျက် အောင်မြင်သောကြောင့် "သာသနဓဇဓမ္မာစရိယဘွဲ့"ကို "အဂ္ဂမဟာအကျော်" အနေဖြင့် ရရှိသည်။ ရဟန်း (၃)ဝါ အရတွင်မူ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားပေါ်တွင် ကျင်းပသည့် စေတိယင်္ဂဏအသင်း စာမေးပွဲ၌ စာသင်တန်း+ စာချတန်းတို့ကို နှစ်မခြားပဲ ပထမအနေဖြင့် အောင်မြင်သောကြောင့် "စေတိယင်္ဂဏ ဓမ္မာစရိယ ဂဏဝါစက ဝဋံ့သကာ အဌကထာပြန်အကျော်"ဘွဲ့ကို ရွှေတံဆိပ် နှင့်တကွ ရရှိသည်။

ထို့အပြင် အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် မြန်မာဂုဏ်ထူးကို ပဋ္ဌိသမ္ဘိဒါမဂ် ဘာသာဖြင့် အောင်မြင်၍ "သာသနဓဇ သိရီပဝရ"ဘွဲ့ကိုငင်း၊ ပါဠိဂုဏ်ထူးကို ဝိနည်းဘာသာဖြင့် အောင်မြင်၍ "ဝိနယ ပါဠိပါရဂူ"ဘွဲ့ကိုငင်း ရရှိခဲ့သည်။ ငင်းအပြင် အစိုးရ နိကာယ်စာမေးပွဲတွင် ဝိနည်း (၅)ကျမ်း ပါဠိတော်ကို ဂုဏ်ထူးဖြင့် အောင်မြင်

http://www.dhammadownload.com



သောကြောင့် "ဝိသိဋ္ဌဝိနယဝိဒူ"ဘွဲ့ကိုရင်း၊ အစိုးရတိပိဋကစာမေးပွဲတွင် ဝိနည်း (၅)ကျမ်းမှ ရှေ့ပိုင်း (၂)ကျမ်းကို အာဂုံ+သဘောရေးဖြေ နှစ်ရပ်စလုံး အောင်မြင်သောကြောင့် "ဥဘတောဝိဘင်္ဂဓရကောဝိဒ"ဘွဲ့ကိုရင်း ရရှိခဲ့ပါသည်။

ယင်းအပြင် ၂၀၁၇-ခုနှစ်၊ ဇန်နဝါရီ (၄)ရက်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရက အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၇) ဖြင့် ထုတ်ပြန်လျက် "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း အပ်နှင်းခဲ့ပါသည်။

## ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

၁၃၄၅-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၈)ရက်၊ (၃၁၊ ၈၊ ၁၉၈၃) နေ့တွင် ရဟန်း (၃)ဝါအရ၌ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်တွင် စာချဘုန်းကြီး ကျောင်းဘုန်းကြီး အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၃၆၅-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက် (၆၊ ၇၊ ၂၀၀၃)နေ့တွင်မူ ကျောင်းတိုက်၏ နာယကအဖြစ် တင်မြှောက်ခြင်း ခံရသည်။

ကျောင်းတိုက်တွင် စာသင်သား သံဃာတို့အား အငယ်တန်း အလတ်တန်း အကြီးတန်း စာဝါတို့ကို

http://www.dhammadownload.com



ပို့ချပေးခဲ့ရုံမျှမက ဘွဲ့ယူမည့် စာချတန်း စာသင်သား သံဃာတို့အားလည်း သီလက္ခန်ပါဠိတော် အဋ္ဌကထာနှင့် ရုံဖန်ရုံခါ ပါရာဇိကဏ်, အဋ္ဌသာလိနီအဋ္ဌကထာ-ဘာသာတို့ကို ပို့ချပေးနေပါသည်။ မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသည့် စာမေးပွဲကြီးတို့၌လည်း နာယကအဖြစ် တာဝန်ယူပြီး ကျင်းပပေးလျှက်ရှိပါသည်။

ထို့အပြင် အစိုးရဓမ္မာစရိယ စာမေးပွဲ၌လည်း ဗဟိုပညာရေး အဖွဲ့ဝင် အနေဖြင့် ပုစ္ဆာကနှင့် စာစစ်တာဝန်တို့ကို ဆောင်ရွက်ခဲ့ပြီး တိပိဋကရွေးချယ်ရေး စာမေးပွဲ၌လည်း ဩဝါဒအကူ အနေဖြင့်၎င်း၊ ယခုအခါ တိပိဋကဩဝါဒါစရိယ အနေဖြင့်၎င်း ဆောင်ရွက်လျှက်ရှိပါသည်။

## ဆရာသခင် ကျေးဇူးရှင်များ

လှုရတနာဆရာတော်သည် ဆိုခဲ့ပြီးသော စာမေးပွဲဆိုင်ရာ ဘွဲ့အသီးသီးကို အဆင့်မြင့်မြင့်ဖြင့် ရရှိအောင် မြင်နိုင်ရန် ရွှေထီးပေါက်ဆရာတော် ဦးဇဋိလ၊ ဦးခေမိန္ဒာစာရ၊ ရန်ကုန်မြို့ ဗဟန်း ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်မှ စာချအကျော် ပတ္တမြားဆရာတော် ဦးဩဘာသာဘိဝံသ၊ ဆရာတော် ဦးသောဘဏ၊

http://www.dhammadownload.com



ဦးအဂ္ဂဝံသ (ဇေယျာသိဒ္ဓိ)၊ ဦးအဂ္ဂဝံသ (ရတနာသိဒ္ဓိ)၊ ဦးကောသလ္လ၊ ဦးကေလာသ၊ ဦးစိတြ၊ ဦးကုန္ဒက၊ ဦးဉာဏဝံသ၊ ဦးဂန္ဓမာ၊ ဦးနရာသဘ၊ ပဓာန နာယက ဦးပဝရာဘိဝံသ - စသော ဆရာတော်များ၊ မန္တလေးမြို့မှ စာချအကျော် အမရပူရ ဆရာတော် ဦးဥက္ကံသာဘိဝံသ၊ သမ္မတဆရာတော် ဦးကေလာသာဘိဝံသ (တိပိဋကကြဝိဒါဒိစရိယ ဥက္ကဋ္ဌ)၊ ပေါက်မြိုင်ဆရာတော် ဦးအဂ္ဂဝံသာဘိဝံသ (တိပိဋကကြဝိဒါဒိစရိယ ဥက္ကဋ္ဌ)၊ ဆင်မင်းဆရာတော် ဦးသြဘာသာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ပိဋကနယူပဒေသဆရာတော် ဦးကောဝိဒါဘိဝံသ၊ ရတနာမဥ္ဇူဆရာတော် ဦးပဏ္ဍိတဉာဏာဘိဝံသ၊ ဂုဏဝတီဆရာတော် ဦးကုသလာစာရာဘိဝံသ၊ ဒေါနခြံကျောင်း ဦးဝဏ္ဏိတသရ ဦးဧက-စသော စာချအကျော် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို ဆရာနည်းကျကျ သင်ယူခဲ့ခြင်းဖြစ်သည်။

## သာသနာပြုလုပ်ငန်းများ

ဆရာတော်သည် စာချစာရေးခြင်းအပြင် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ မဟာဗောဓိပင်၊ သီရိလင်္ကာနိုင်ငံ အနုရာဓမြို့ ဗောဓိပင်တို့မှ ဗောဓိပင်ပျိုးတို့ကို ပင့်ဆောင်ပြီး မြန်မာနိုင်ငံ၊ အရာတော်မြို့နယ်၊ မန်ကျည်း

http://www.dhammadownload.com



စောက်ကျေးရွာ ရွှေထီးပေါက်ကျောင်းတိုက်၊ ပြည်မြို့ ဥတ္တရာရာမ ကျောင်းတိုက်၊ ရှမ်းပြည်နယ် နောင်ချို တောင်ရှည်ရွာကျောင်းတိုက်၊ ယောနယ် ဘုရားစေတီ၊ မှော်ဘီမြို့ ဘုရားစေတီ၊ ညောင်တုန်းတိုက်-စသော နေရာဌာနတို့၌ ဗောဓိညောင်ပင်တို့ကို စိုက်ပျိုး ပူဇော်ခြင်းဖြင့် "ပရိဘောဂစေတီ"တို့ကိုလည်း တည် ထားပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ သက်သနဂိုရ်မြို့ မြန်မာ ကျောင်း၌ ခြေတော်ရာကြီး (၂)ဆူ အတွက် "သီရိပါဒ" ကျောင်းဆောင်ကိုရင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဇယတိလကာရာမကျောင်း ဆွာရဏ ကျိုတ္တိယ စေတီ တော်၌ "ရွှေထီးတော်အသစ်"နှင့် "တံခွန်တိုင်" တို့ကိုရင်း ဦးဆောင်လှူကာ တင်လှူစိုက်ထူ ပူဇော်ထားပါသည်။

ရင်းအပြင် မြန်မာနိုင်ငံ ပြင်ဦးလွင်မြို့ ပိတ်ချင်း မြောင်လိုဏ်ဂူ၊ ရန်ကုန်မြို့ ဆူးလေဘုရား, မဟာဝိဇယ ဘုရား, အိမ်တော်ရာဘုရား, ကြွေးသွန်းဘုရားကြီး, ညောင်တုန်းတိုက်၊ တောင်ကြီးမြို့ စူဠာမုနိဘုရား၊ ဝေါမြို့ ပရဟိတကျောင်း၊ နေပြည်တော် ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် စသော ပြည်တွင်းနှင့် အိန္ဒိယ, နီပေါ, သီရိလင်္ကာ, စင်္ကာပူ, မလေးရှား, အင်ဒိုနီးရှား,

http://www.dhammadownload.com



တောင်ကိုးရီးယား၊ ဗီယက်နမ်စသော ပြည်ပနိုင်ငံတို့တွင် စကျင်ကျောက်သား၊ သစ်သား၊ ရွှေခြည်ထိုး၊ ကြေး၊ ရွှေ၊ ကျောက်မျက်ရတနာ စသည်တို့ဖြင့် ဗုဒ္ဓခြေတော်ရာ "ဥဒ္ဒိဿစေတီ"တို့ကိုလည်း တည်ထားပါသည်။

ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် လှရတနာကျောင်းတွင်မူ ၁၃၆၄-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့မှ ပွါးယူပင့်ဆောင်လာသည့် ဗုဒ္ဓစွယ်တော်မြတ် အပါအဝင် ဓါတ်တော်မွေတော်များနှင့် စေတီလေးမျိုးကို ဌပနာသွင်းလျက် "စွယ်တော်ရတနာစေတီ"ကို တည်ထားပါသည်။ ထိုစွယ်တော် ရတနာစေတီသည် (၁)နှစ်တွင် (၁)ကြိမ်သာ တပို့တွဲလပြည့်နေ့ ဝန်းကျင်ရက်တို့၌ အပြင်သို့ ကြွရောက်လျှက် အပူဇော်ခံပါသည်။ နှစ်စဉ် နှစ်တိုင်း နာမည်ကျော် ဓမ္မကထိကဆရာတော်များ ဝတ်အသင်းများဖြင့် ဘုရားပွဲပြုလုပ်လျှက် ပူဇော်ရသော "ပွဲတော်ရ" ဘုရားဖြစ်သည်။

သီရိလင်္ကာနိုင်ငံမြန်မာသံအမတ်ကြီး ဦးတင်ဦးလွင် ဇနီးမောင်နှံတို့ လှူဒါန်းသည့် ဗုဒ္ဓမြတ်စွယ်တော်ကိုမူ စေတီ (၅)မျိုး ဌပနာသွင်းလျှက် ၁၃၇၀-ပြည့်နှစ်၊

http://www.dhammadownload.com



နတ်တော်လပြည့်ကျော် (၉)ရက်နေ့တွင် "သီရိရတနာ မြတ်စွယ်တော်" အမည်ဖြင့် တည်ထားပါသည်။ ထို သီရိရတနာမြတ်စွယ်တော်သည်ကား ဗုဒ္ဓဂယာပုည သဟာယကအဖွဲ့ တလ (၁)ကြိမ် ဘုရားဝတ်တက်တိုင်း အပြင်ဘက်သို့ ကြွရောက်လျှက် အပူဇော်ခံပါသည်။

ထို့အပြင် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ချီးမြှင့်သော ဗုဒ္ဓဆံတော်ပွါး (၂)ဆူနှင့် ဘုရားဓါတ်တော်တို့ကိုပါ ထည့်သွင်း၌ာပနာလျှက် "ဆံတော်ရတနာစေတီ" ကိုလည်း တည်ထားကိုးကွယ် ပူဇော်ထားပါသည်။

ဇာတိရပ်ရွာဖြစ်သော ငါရဟိုးကျေးရွာ ဒက္ခိဏာ ရုံကျောင်းတွင်းမှ မပြီးသေးသည် ဓမ္မာရုံကို သွပ်အမိုး မိုးပေးလျှက် လှူဒါန်းခဲ့သည်။ "အလင်းစေတမန်" စာကြည့်တိုက် အတွက်လည်း လိုအပ်သောစာအုပ်၊ စာတမ်း၊ ဂျာနယ်တို့ကို လှူဒါန်းလျှက် ရှိသည်။ မန်ကျည်း စောက်ကျေးရွာ၊ ရွှေထီးပေါက်ကျောင်းတိုက် အတွင်း၌မူ ရန်ကုန်မြို့မှ ရဟန်းအမကြီး ဒေါ်ယဉ်မေ၊ မန္တလေးမြို့မှ လှရတနာကျောင်းဒါယကာကြီး ဦးရှမ်း + ဒေါ်ခင်သန်း မိသားစုတို့၏ မတည်အလှူငွေဖြင့် "လှရတနာဓမ္မ

http://www.dhammadownload.com



ဗိမာန်တော်ကြီး” ကိုလည်း တည်ဆောက်လှူဒါန်းခဲ့သည်။ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အတွင်း၌ကား ရဟန်းအမကြီး ဒေါ်ယဉ်မေ မ,တည် အလှူငွေဖြင့် အများစုပေါင်းလျှက် လှူဒါန်းသော ဘက်စုံ အသုံးပြုရသည့် “အဘိဓဇဆွမ်းစားကျောင်းတော်ကြီး” ကိုလည်း ဦးဆောင် ဆောက်လုပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် ရဟန်းသံဃာများနှင့် ဒကာ + ဒကာမများအတွက် ကျေးဇူးများသော စာအုပ်ပေါင်း (၆၀)ကျော် တို့ကိုလည်း ရေးသားပြုစုထားပါသည်။ အထူးအားဖြင့် ဗုဒ္ဓခြေတော်ရာနှင့် ဆက်စပ်သည့် ဆောင်းပါးများကို မဂ္ဂဇင်း ဂျာနယ်တို့၌ ရေးသား သည့်အပြင် လုံးချင်းစာအုပ်အနေဖြင့် ပါဒစေတိယ ဝန္ဒနာစာအုပ်၊ သက်သေနဂိုရ် ဗုဒ္ဓခြေတော်ရာ စာအုပ် စသည်တို့ကို ရေးသားပြုစု ထားပါသည်။ ထိုတွင် “အဖေ့ခြေရာ” စာအုပ်မှာ ဂျပန်နိုင်ငံ သာသနာပြု ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ၏ ဗုဒ္ဓစာပေ ပထမဆုကို (၂၀၁၀)-ခုနှစ်တွင် ရရှိခဲ့ပါသည်။

http://www.dhammadownload.com



ယခုအခါ လှူရတနာဆရာတော်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် လှူရတနာကျောင်းတွင် သီတင်းသုံးနေထိုင်လျက် စာချစာရေးသားခြင်း တို့ဖြင့်၎င်း၊ ဗုဒ္ဓမြတ်စွယ်တော်စေတီနှင့် ဗုဒ္ဓခြေတော်ရာပါဒစေတီတို့ကို တည်ထားခြင်း၊ ဗောဓိပင်တို့ကို စိုက်ပျိုးပူဇော်ခြင်းဖြင့်၎င်း သာသနာပြုလျက် ရှိပါသည်။

http://www.dhammadownload.com



# စာအုပ်စာရင်းနှင့် ကုသိုလ်စာရင်းများ
# လုရတနာဆရာတော်
# ရေးသားထုတ်ဝေပူဇော်ပြီးသော စာအုပ်များ

၁။ မိမိကိုမိမိချစ်လျှင် ဓမ္မရသ စာပဒေသာ (၂၀၀၂)
၂။ စတုရာရက္ခဘာဝနာ (၂၀၀၂)
၃။ လုရတနာစွယ်တော်ဝတ်ရွတ်စဉ် (၂၀၀၃+၂၀၀၅+ ၂၀၀၇ + ၂၀၁၀)
၄။ စွယ်တော်ရတနာစေတီသမိုင်း (၂၀၀၃)
၅။ ပါဒစေတီယဝန္ဒနာ (၂၀၀၄)
၆။ အရှုံးထဲမှအမြတ်ရ (၂၀၀၄+၂၀၀၆)
၇။ ရတနတ္တယဂုဏာနုဘာဝ
သံသူစကဘုရားရှိခိုး (၂၀၀၅+၂၀၀၇)
၈။ ဗုဒ္ဓဂယာဘုရားဖူးလမ်းညွှန် (၂၀၀၅+၂၀၀၉)
၉။ လောကကျက်သရေတင့်ရှန်းဝေ (၂၀၀၆)
၁၀။ သက်သေနဂိုရ်ဗုဒ္ဓခြေတော်ရာ (၂၀၀၆)
၁၁။ ဘုရားဟုတ်+မဟုတ်
လက္ခဏာတော်ဖြင့် စစ်ဆေးပူဇော်နည်း (၂၀၀၇)
၁၂။ နဂါးရုံဘုရားမေတ္တာ (၂၀၀၇)
၁၃။ သတိပဋ္ဌာန်ဂုဏ်ရည် (၂၀၀၈-၂၀၀၉)

http://www.dhammadownload.com




၁၄။ ခြေတစ်လှမ်းကုဋေတစ်သန်းတန်
ကုသိုလ်တော်များ (၂၀၀၈)
၁၅။ သီရိလင်္ကာဘုရားဖူးလမ်းညွှန် (၂၀၀၈)
၁၆။ အမြတ်ဆုံးနှလုံးသားမှ
အမြတ်ဆုံးဘုရားများ (၂၀၀၉)
၁၇။ အံ့ဖွယ်ပြည့်စုံဗုဒ္ဓဂူကျ် (၂၀၀၉)
၁၈။ နေမင်းနှင့်ပြိုင်တံခွန်တိုင် (၂၀၀၉)
၁၉။ ဗုဒ္ဓမြတ်စွယ်တော်ကိုးကွယ်ပူဇော်နည်း (၂၀၀၉)
၂၀။ ဉာဏ်မြင်လင်းဖြာဒီပပူဇာ (၂၀၁၀)
၂၁။ ဗုဒ္ဓဂယာမှမွေးနေ့မင်္ဂလာ (၂၀၁၀)
၂၂။ အဖေ့ခြေရာ (၂၀၁၀)
မေလ(ပထမအကြိမ်)+
အောက်တိုဘာလ (ဒုတိယအကြိမ်)
၂၃။ ခန္ဓာကပြသောတရား (၂၀၁၀)
၂၄။ ပဋ္ဌာန်းပစ္စည်းကျေးဇူးပြုနည်း (၂၀၁၀)
၂၅။ မြတ်ဗုဒ္ဓ၏အနန္တဉာဏ်တော် (၂၀၁၁)
၂၆။ ပဲခူးကွမ်းရင်စီဘုရားကျောင်း
ဗုဒ္ဓခြေတော်ရာ (၂၀၁၁+၂၀၁၂)
၂၇။ ဟိုပုံး ထမ်စမ်းဂူ
ဗုဒ္ဓခြေတော်ရာဝတ်ရွတ်စဉ်(၂၀၁၁ မှစ ၄-ကြိမ်)
၂၈။ အနန္တဇိနဗုဒ္ဓခြေတော်ရာ (၂၀၁၁)

http://www.dhammadownload.com




၂၉။ မမြဲတရားအမြဲပွါး (၂၀၁၁)
၃၀။ အိန္ဒိယ ကုသိနာရုံ ဗုဒ္ဓခြေတော်ရာ (၂၀၁၂)
၃၁။ စွယ်တော်ရတနာစေတီ သမိုင်းမော်ကွန်း(၂၀၁၂)
၃၂။ နတ်ချစ်ဆေးသုတ္တန်များနှင့်
အံ့ဖွယ်ဘုရားကြီး (၂၀၁၂) (၂-ကြိမ်)
၃၃။ အကျိုးကြီးမားဆွမ်းတော်ကပ်နည်းများ (၂၀၁၂)
၃၄။ မုဒိတာပန်းခင်းများပွင့်လန်းခြင်း (၂၀၁၂)
၃၅။ မဟာရအောင် မဟာသမယဆောင် (၂၀၁၃)
(၄-ကြိမ်)
၃၆။ ဓမ္မခရီးဖော် (၂၀၁၃)
၃၇။ ပန်းဆေးကျောင်းရွှေဗုဒ္ဓခြေတော်ရာ (၂၀၁၃)
၃၈။ လိုရာပြည့်ဝမဟာသမယသုတ်တော်များ(၂၀၁၃)
၃၉။ အလှဆုံးညမှအကောင်းဆုံးတရား
(ဟေမဝတသုတ်) (၂၀၁၃)
၄၀။ မေတ္တာကွန်ရက်ဖြန့်ကြက်ခြင်း (၂၀၁၃) (၂-ကြိမ်)
၄၁။ စူဠာမုနိလောကချမ်းသာ
ဗုဒ္ဓခြေတော်ရာ (၂၀၁၃)
၄၂။ ရွှေငွေမလို ရေကိုလိုသူများ (၂၀၁၃)
၄၃။ ကေသစေတိယဝန္ဒနာ (၂၀၁၃)
၄၄။ ဗာရာဏသီဗုဒ္ဓခြေတော်ရာ (၂၀၁၄)
၄၅။ တူညီစိတ်ထား နတ်ပြဿနာများ (၂၀၁၄)

http://www.dhammadownload.com




၄၆။ ဘေးရန်ကင်းပချမ်းသာရ (၂၀၁၄)
၄၇။ ကြီးပွါးစေလိုဘုန်းရိပ်ခို (၂၀၁၄)
၄၈။ ဘဝရဲ့အားထားစရာ (၂၀၁၄)
၄၉။ သကျမုနိဗုဒ္ဓခြေတော်ရာ (၂၀၁၄)
၅၀။ ဗောဓိပက္ခိယဓမ္မစေတီမှ
ဝိပဿနာရင်ပြင် (၂၀၁၄)
၅၁။ ဘဝနှင့်ဆန္ဒထပ်တူကြပါစေ (၂၀၁၅)
၅၂။ ဘဝအလှုထီးဒါန (၂၀၁၅)
၅၃။ ရာဇဂြိုဟ်ဂုဏ်ရည် (၂၀၁၅)
၅၄။ ထာဝရလက်တွဲဖော် (၂၀၁၅)
၅၅။ ဗုဒ္ဓဂယာသာသနာပြု
(၁၈)နှစ်ကုသိုလ်ခရီး (၂၀၁၆)
၅၆။ တရားဖက်မှ ချမ်းသာရ (၂၀၁၆)
၅၇။ နဂါးပြည်မှစွယ်တော် (၂၀၁၆)
၅၈။ သစ္စာအစွမ်းအံ့မခန်း (၂၀၁၆)
၅၉။ မြတ်သောယာဉ် (၂၀၁၆)
၆၀။ သုံးပါးရတနာဆည်းကပ်ပါ (၂၀၁၆)
၆၁။ ရင်မှာစွဲကပ် နဝရတ်စေတီတည်နည်း (၂၀၁၇)
၆၂။ မဟာဘုရားရှိခိုး (၂၀၁၇)

http://www.dhammadownload.com



## မဟာသုတ္တန်ပါဠိတော်များနိဒါန်း

မဟာသမယသုတ် ပါဠိတော် (၇)သုတ်ကို သင်တန်းပို့ချသည့် လွန်ခဲ့သော (၃)နှစ်ခန့်ကဖြစ်၏။ ဓမ္မကထိကအကျော် ဆင်ဖြူတောင်ဆရာတော် ဘဒ္ဒန္တဂုဏိန္ဒ-က "ဘုန်းကြီး ဘုန်းကြီးက သင်တန်းပို့ချတဲ့အခါ မဟာပါတဲ့ မဟာသတိပဋ္ဌာနသုတ် မဟာသမယသုတ်တို့ကို ပို့ချတယ်။ ပိဋကတ်သုံးပုံမှာ မဟာပါတဲ့ သုတ္တန်တွေကို စာရင်းပြုစုထားပါလား ဘုရား"ဟူ၍ လျှောက်ထားလာပါသည်။ ထိုအခါ စာရေးသူက "ဦးဂုဏိန် ပိဋကတ်သုံးပုံမှာ မဟာပါတဲ့ သုတ္တန်တွေက အများကြီးပဲ သုတ္တန်ပိဋက ဒီဃနိကာယ် မဟာဝဂ်မှာတင် မဟာပဒါနသုတ်၊ မဟာနိဒါနသုတ်၊

http://www.dhammadownload.com



မဟာပရိနိဗ္ဗာသုတ်၊ မဟာသုဒဿနသုတ် စသည်ဖြင့် ပေါ့ အဲဒီလို အများကြီးဆိုတော့ ရှာဘို့အချိန်မရပါဘူး” ဟူ၍ ဖြေလိုက်ရပါသည်။

သီရိလင်္ကာနိုင်ငံသို့ ရွှေဗုဒ္ဓခြေတော်ရာလှူရန် ကိစ္စဖြင့် (၈)ကြိမ်မြောက် သွားရောက်သည့်အခါ မဟာစေတီကို (၂)ကြိမ်ဖူးမြော်ဖြစ်ခဲ့၏။ ပထမ အကြိမ်တွင် ခတ်တော်ဘုရားရှိခိုးနှင့် မဟာစေတီ ဘုရားရှိခိုး ဂါထာတို့ဖြင့်လည်းကောင်း၊ ဒုတိယ အကြိမ်တွင် မဟာသမယသုတ်တော်ဖြင့်လည်းကောင်း၊ ပူဇော်ခဲ့ကြသည်၊ ဘုရားဖူးအဖွဲ့တွင် အင်းစိန် မင်းဓမ္မကုန်း ကျောက်တော်ကြီး ဘုရားဒါယကာ ဦးတော်တော်၏ သားကြီးကိုအောင်ဇေယျလည်း ပါလာ၏၊ သို့ဖြစ်၍ ကိုအောင်ဇေယျအား “ဒကာကြီး ဦးတော်တော်က ကျုပ်သီရိလင်္ကာ ပထမအခေါက် ဘုရားဖူးပြီး အပြန်မှာ ပုံတူမဟာစေတီကို လှူခဲ့တယ်။ (၁၃)နှစ်ကြာသွားပြီ၊ ဦးတော်တော်လည်း ကွယ်လွန် သွားပြီ၊ ဒီကအပြန်ကျရင်တော့ ပုံတူမဟာစေတီကို ရွှေပြဿဒ်အနေဖြင့် ရောင်တော်ဖွင့်ပြီး ပူဇော်မယ်”ဟု ပြောပြရာ လက်ခံသဘောတူပါသည်။ သို့ဖြစ်၍

http://www.dhammadownload.com



ရောင်တော်ဖွင့်ရန် စီစဉ်ရာ ရဟန်းဒါယိကာမကြီး ဒေါ်ခင်လေး (ဘိုကလေး) မိသားစုက (၁၅)သိန်းဖြင့်၊ ရွှေပြဿဒ်ကျောင်းဆောင်ကို လှူပါသည်။ ဒေါ်ခင်လေး ၏ သမီးများကား သီဟိုဠ်မဟာစေတီကို (၂)ကြိမ် တိုင်တိုင် ဖူးမြော်ပြီးသားဖြစ်၍ အလွန်ကြည်ညိုကြ သူများဖြစ်သည်။ ဤကား အာမိသပူဇာ အပိုင်းတည်း။

ဇွန်လ (၇)ရက်နေ့တွင် ကာဠာကာရာမ သုတ္တန် ပါဠိတော်သင်တန်းဆင်းပွဲ ကျင်းပမှာဖြစ်သလို မဟာစေတီ ရွှေပြဿဒ်ကျောင်းဆောင်ရေစက်ချပွဲကိုပါ ကျင်းပမည်ဖြစ်၏။ ထိုပွဲသို့ နိုင်ငံတော် သံဃာ့ မဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပါမည်။ ယင်းသို့ရေစက်ချပွဲမကျင်းပခင် မဟာစေတီကို မဟာပါဒေသာ မဟာသုတ္တန်ပါဠိတော် များဖြင့် သံဃာတော်တို့က ပူဇော်ကြလျှင် အလွန် အကျိုးများမှာပဲဟု၍ စဉ်းစားမိပါသည်။ သို့ဖြစ်၍ ပိဋကတ(၃)ပုံ နိကာယ်(၅)ရပ်တွင် မဟာပါဒေသာ သုတ္တန်တို့ကို ရှာဖွေဖြစ်သည်။ ဝိနည်းပိဋကတ်၊ ဝိနည်း(၅)ကျမ်းတွင် ပါရာဇိကဏ်ပါဠိတော်၌ မဟာပေသကာရ သိက္ခာပုဒ်ကိုလည်းကောင်း၊ မဟာဝါ

http://www.dhammadownload.com



ပါဠိတော်ကြီးနှင့် မဟာခန္ဓက တို့ကိုလည်းကောင်း၊ ပရိဝါတွင် မဟာသင်္ဂါမကိုလည်းကောင်း၊ တွေ့ရ၏။ အဘိဓမ္မာပိဋကက ဓမ္မသင်္ဂဏီပါဠိတော်တွင် မဟန္တရဒုက်ကိုလည်းကောင်း၊ ကထာဝတ္ထုပါဠိတော်တွင် မဟာဝဂ္ဂကိုလည်းကောင်း၊ အနုသယ ယမိုက်တွင် မဟာဝါရကိုလည်းကောင်း တွေ့ရ၏။ ထိုမဟာပါသော ဝိနယပိဋက အဘိဓမ္မပိဋကတို့ကိုလည်း ယူထားပါသည်။ ထို့အပြင် နောက်ဆုံးအဘိဓမ္မာကျမ်းဖြစ်သော ပဋ္ဌာန်းကိုလည်း အဋ္ဌကထာဆရာတော်က "မဟာပကရဏံနာမ"ဟု သုံးနှုန်းထားသဖြင့် ပဋ္ဌာန်းကျမ်းသည်လည်း မဟာပဋ္ဌာန်းကျမ်းပင်ဖြစ်သည်။ ထိုမဟာပဋ္ဌာန်းကျမ်းမှမူ ပစ္စယုဒ္ဒေသ- ပစ္စယနိဒ္ဒေသ- တိကပဋ္ဌာန်း ကုသလတိတ် ပဉှာဝါရကိုလည်းကောင်း၊ မဟန္တရဒုက်ဆိုင်ရာ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းတို့ကိုလည်းကောင်း မဟာပဋ္ဌာန်းကျမ်းအဖြစ် ဤ၌ယူထားပါသည်။

ဤ"မဟာသုတ္တန်ပါဠိတော်များ"စာအုပ်၌ (၁) ဒီဃနိကာယ် (၂) မဇ္ဈိမနိကာယ် (၃) သံယုတ္တနိကာယ် (၄) အင်္ဂုတ္တရနိကာယ် (၅) ခုဒ္ဒကနိကာယ်တို့မှ

http://www.dhammadownload.com



မဟာပါသမျှကို အကုန်ယူပြထားပါသည်။ တချို့သုတ္တန်၊ တချို့ဇာတ်တော်တို့ကို ပါဠိတော်၌ မဟာ-တပ်ပြ မထားသော်လည်း အဋ္ဌကထာ၌မူ မဟာ-တပ်လျက် ဖွင့်ပြထားသည်ကို တွေ့ရ၏။ သို့ဖြစ်၍ မဟာအရိယဝံသ သုတ္တန်၊ မဟာဥမင်္ဂဇာတ်၊ မဟာဝေဿန္တရာဇာတ်တို့ကို ယူရပါ၏။

သုတ္တ-သဒ္ဒါသည် သုတ္တန္တပိဋကအပြင် ဝိနယ ပိဋက- အဘိဓမ္မပိဋကအားဖြင့် ပိဋကသုံးပုံလုံးကိုပင် ဟောနိုင်ပါသည်။ (ဒီ၊ ဌ၊ ၂၊ ၁၅၆၊ ၁၅၇) ထို့ကြောင့် ပိဋကတ်သုံးပုံလုံးမှ မဟာ-ပါဝင်သည်တို့ကို အကုန် ယူထားသဖြင့် "မဟာသုတ္တန်ပါဠိတော်များ"ဟုပင် နာမည်တပ်ရပါ၏။

၎င်း"မဟာသုတ္တန်ပါဠိတော်များ"စာအုပ်ကို စီစဉ်ဖြစ်အောင် ကူညီပံ့ပိုးပေးကြသော ရဟန်းဒါယကာ ဦးတင်ချို+ဒေါ်နု မိသားစု၊ ရဟန်းဒါယိကာမကြီး ဒေါ်ခင်လေး-မိသားစု၊ သာသနာ့မဏ္ဍိုင် သိမ်ကျောင်း ဘုန်းကြီး၊ ပိဋကသိင်္ဂီဘုန်းကြီး၊ အဘိဓေ ဆွမ်းစား ကျောင်းဘုန်းကြီး၊ ကျွမ်းပြီး ဦးခေမာဝံသ၊ ဦးပညာဒီပ၊ ဦးပညာနန္ဒ၊ ဦးသုစိတ္တ-တို့ကိုလည်းကောင်း၊

http://www.dhammadownload.com



တောင်းပန်သူ ဦးဂုဏိန္ဒကိုလည်းကောင်း၊ အထူးကျေးဇူး တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်ရပါ၏၊ မဟာသုတ္တန်ပါဠိတော်ကြီးတို့ကို ရွတ်ဖတ်ပူဇော် ရခြင်းဖြင့် မဟာကောင်းကျိုး အမျိုးမျိုးတို့ကို ရရှိနိုင်ပါစေကုန်သတည်း။

*လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ*
*(၄၊ ၆၊ ၂၀၁၅)ကြာသပတေးနေ့*

http://www.dhammadownload.com



# နိကာယ်ငါးရပ် ပိဋက (၃)ပုံထဲမှ

## မဟာ - ပါဠော

### မဟာသုတ္တန်များစာရင်းချုပ်

၁။ ဒီဃနိကာယ်၌ (၉)သုတ်

၂။ မဇ္ဈိမနိကာယ်၌ (၂၂)သုတ်

၃။ သံယုတ္တနိကာယ်၌ (၁၄)သုတ်

၄။ အင်္ဂုတ္တရနိကာယ်၌ (၂၀)သုတ်

၅။ ခုဒ္ဒကငါးကျမ်းတွဲ၌ (၁၈)သုတ်

၆။ ဝိမာနဝတ္ထုလေးကျမ်းတွဲ၌ (၁၄)သုတ်

၇။ အပါဒါန်စရိယာပိဋကတ်၌ (၁၀)သုတ်

၈။ ဇာတကပါဠိတော်၌ (၁၉)သုတ်

၉။ မဟာနိဒ္ဒေသပဋိသမ္ဘိဒါမဂ်၌ (၃)သုတ်

၁၀။ မဟာပဌာန်း၊ ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ (၁) သုတ်

၁၁။ ကုသလတိက်၊ ပဉ္စာဝါရ (၁)သုတ်

၁၂။ ဒုကပဋ္ဌာန်း၊ မဟာန္တရဒုက် (၁)သုတ်

၁၃။ ဒုကတိကပဋ္ဌာန်း၊ မဟာန္တရဒုက် (၁)သုတ်

၁၄။ တိကဒုကပဋ္ဌာန်း၊ မဟာန္တရဒုက် (၁)သုတ်

၁၅။ ဒုကဒုကပဋ္ဌာန်း၊ မဟာန္တရဒုက် (၁)သုတ်

စုစုပေါင်း (၁၃၅)သုတ်ဖြစ်သည်။

http://www.dhammadownload.com



## မဟာပါရှိသော မဟာသုတ္တန်ပါဠိတော်များ
## ဒီဃနိကာယ် (၉)သုတ်

### သီလက္ခန္ဓဝဂ်၌ (၂)သုတ်

၁။ မဟာလိသုတ် ပါဠိတော် (ဒီ၊ ၁၊ ၁၄၃)
၂။ မဟာသီဟနာဒသုတ် (ဒီ၊ ၁၊ ၁၅၃)

### မဟာဝဂ်၌ (၇)သုတ်

၁။ မဟာပဒါနသုတ် (ဒီ၊ ၂၊ ၁)
၂။ မဟာနိဒါနသုတ် (ဒီ၊ ၂၊ ၄၇)
၃။ မဟာပရိနိဗ္ဗာနသုတ် (ဒီ၊ ၂၊ ၆၁)
၄။ မဟာသုဒဿနသုတ် (ဒီ၊ ၂၊ ၁၃၉)
၅။ မဟာဂေါဝိန္ဒသုတ် (ဒီ၊ ၂၊ ၁၇၈)
၆။ မဟာသမယသုတ် (ဒီ၊ ၂၊ ၂၀၄)
၇။ မဟာသတိပဋ္ဌာနသုတ် (ဒီ၊ ၂၊ ၂၃၁)

(ပါထိကဝဂ်၌ မဟာ-ပါသောသုတ် မပါပေ၊ အာဋာနာဋိယသုတ်ကိုမူ ပရိတ်ကြီးမှ အာဋာနာဋိယ ပရိတ်ကိုထောက်၍ မဟာအာဋာနာဋိယ-ဟု အချို့ ခေါ်ဝေါ်ကြသည်၊ သို့ဖြစ်၍ ဒီဃနိကာယ်၌ မဟာ ပါသောသုတ်မှာ (၉)သုတ်ဖြစ်သည်။)

http://www.dhammadownload.com



# မဇ္ဈိမနိကာယ် (၂၂)သုတ်

## မူလပဏ္ဏာသဦ (၁၂)သုတ်


၁။ မဟာသတိပဋ္ဌာနသုတ် (မ၊ ၁၊ ၇၀)

၂။ မဟာသီဟနာဒသုတ် (မ၊ ၁၊ ၉၇)

၃။ မဟာဒုက္ခက္ခန္ဓသုတ် (မ၁၊ ၁၁၈)

၄။ မဟာဟတ္ထိပဒေါပမသုတ် (မ၁၊ ၂၄၂)

၅။ မဟာသာရောပမသုတ် (မ၁၊ ၂၅၀)

၆။ မဟာဂေါသိင်္ဂသုတ် (မ၁၊ ၂၇၂)

၇။ မဟာဂေါပါလကသုတ် (မ၁၊ ၂၈၁)

၈။ မဟာသစ္စကသုတ် (မ၁၊ ၂၉၉)

၉။ မဟာတဏှာသင်္ခယသုတ် (မ၁၊ ၃၂၃)

၁၀။ မဟာအဿပုရသုတ် (မ၁၊ ၃၃၈)

၁၁။ မဟာဝေဒလ္လသုတ် (မ၁၊ ၃၆၅)

၁၂။ မဟာဓမ္မသမာဒါနသုတ် (မ၁၊ ၃၈၄)


## မဇ္ဈိမပဏ္ဏာသဦ (၄)သုတ်


၁။ မဟာရာဟုလောဝါဒသုတ် (မ၊ ၂၊ ၈၃)

၂။ မဟာမာလုကျသုတ် (မ၊ ၂၊ ၉၅)

၃။ မဟာဝစ္ဆသုတ် (မ၂၊ ၁၅၆)

၄။ မဟာသကုလုဒါယီသုတ် (မ၂၊ ၁၉၄)

http://www.dhammadownload.com



## ဥပရိပဏ္ဏာသ၌ (၆)သုတ်

၁။ မဟာပုဏ္ဏမသုတ် (မ၊၃၊ ၆၆)

၂။ မဟာစတ္တာရီသကသုတ် (မ၊၃၊ ၁၁၆)

၃။ မဟာသုညတသုတ် (မ၊၃၊ ၁၅၁)

၄။ မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် (မ၊၃၊ ၂၃၁)

၅။ မဟာကမ္မဝိဘင်္ဂသုတ် (မ၊၃၊ ၂၄၉)

၆။ မဟာသဠာယတနိကသုတ် (မ၊၃၊ ၃၃၅)

(သို့ဖြစ်၍ မဇ္ဈိမနိကာယ်၌ ၁၂+၄+၆ အားဖြင့် မဟာပါသောသုတ်ပေါင်းမှာ (၂၂)သုတ်ဖြစ်သည်။)

## သံယုတ္တနိကာယ် (၁၄)သုတ်

### ပဌမတွဲ (၃)သုတ်

၁။ သဂါထာဝဂ္ဂမှ-မဟာသာလသုတ် (သံ၊၁၊ ၁၇၈)

၂။ မဟာလိသုတ် (သံ၊၁၊ ၂၃၁)

၃။ နိဒါနဝဂ္ဂမှ-မဟာကပ္ပိနသုတ် (သံ၊၁၊ ၄၇၁)

### ဒုတိယတွဲ (၁)သုတ်

၁။ ခန္ဓဝဂ္ဂမှ- မဟာလိသုတ် (သံ၊ ၂၊ ၅၇)

### တတိယတွဲ (၁၀)သုတ်

၁။ မဟာဝဂ္ဂမှ - မဟာပုရိသသုတ် (သံ၊၃၊ ၁၃၇)

၂။ မဟာကပ္ပိနသုတ် (သံ၊၃၊ ၂၇၄)

http://www.dhammadownload.com



၃။ ပထမ မဟာနာမသုတ် (သံ၊၃၊ ၃၂၁)
၄။ ဒုတိယ မဟာနာမသုတ် (သံ၊၃၊ ၃၂၃)
၅။ ပုညာဘိသန္ဒဝဂ်မှ မဟာနာမသုတ် (သံ၊၃၊ ၃၄၄)
၆။ ပညာပညာသုတ် (သံ၊၃၊ ၃၆၀)
၇။ ပထမ မဟာပထဝီသုတ် (သံ၊၃၊ ၄၀၁)
၈။ ဒုတိယ မဟာပထဝီသုတ် (သံ၊၃၊ ၄၀၂)
၉။ ပထမ မဟာသမုဒ္ဒသုတ် (သံ၊၃၊ ၄၀၂)
၁၀။ ဒုတိယ မဟာသမုဒ္ဒသုတ် (သံ၊၃၊ ၄၀၂)

(သို့ဖြစ်၍ သံယုတ္တနိကာယ်၌ ၃+၁+၁၀=အားဖြင့် မဟာပါသောသုတ်ပေါင်းမှာ (၁၄)သုတ်ဖြစ်သည်။)

## အင်္ဂုတ္တရနိကာယ် (၂၀)သုတ်

### ပထမတွဲ (၆)သုတ်

၁။ တိကနိပါတ်မှ မဟာစောရသုတ် (အံ၊၁၊ ၁၅၂)
၂။ မဟာနာမသက္ကသုတ် (အံ၊၁၊ ၂၂၀)
၃။ စတုက္ကနိပါတ်မှ မဟာအရိယဝံသသုတ် (အံ၊၁၊ ၃၃၆)
၄။ မဟာမောဂ္ဂလာနသုတ် (အံ၊၁၊ ၄၇၂)
၅။ မဟာကောဋ္ဌိကသုတ် (အံ၊၁၊ ၄၇၉)
၆။ မဟာပဒေသသုတ် (အံ၊၁၊ ၄၈၆)

### ဒုတိယတွဲ (၆)သုတ်

၁။ ပဉ္စကနိပါတ်မှ မဟာသာလပုတ္တသုတ် (အံ၊၂၊ ၃၇)

http://www.dhammadownload.com



၂။ မဟာစောရသုတ် (အံ၊၂။ ၁၁၃)
၃။ မဟာသုပိနသုတ် (အံ၊၂။ ၂၀၉)
၄။ ဆက္ကနိပါတ်မှ မဟာကစ္စာနသုတ် (အံ၊၂။ ၂၇၇)
၅။ မဟာမောဂ္ဂလာနသုတ် (အံ၊၂။ ၂၉၁)
၆။ မဟာစုန္ဒသုတ် (အံ၊၂။ ၃၁၂)

## တတိယတွဲ (၈)သုတ်

၁။ အဋ္ဌကနိပါတ်မှ မဟာနာမသုတ် (အံ၊၃၊ ၅၅)
၂။ အနုရုဒ္ဓမဟာဝိတက္ကသုတ် (အံ၊၃၊ ၆၂)
၃။ ဒသကနိပါတ်မှ မဟာစုန္ဒသုတ် (အံ၊၃၊ ၂၈၉)
၄။ ပထမ မဟာပဉ္စာသုတ် (အံ၊၃၊ ၂၉၅)
၅။ ဒုတိယ မဟာပဉ္စာသုတ် (အံ၊၃၊ ၃၀၀)
၆။ မဟာလိသုတ် (အံ၊၃၊ ၃၂၄)
၇။ ဧကာဒသကနိပါတ်မှ-
ပထမ မဟာနာမသုတ် (အံ၊၃၊ ၅၃၀)
၈။ ဒုတိယ မဟာနာမသုတ် (အံ၊၃၊ ၅၃၄)

(သို့ဖြစ်၍ အင်္ဂုတ္တရနိကာယ်၌ ၆+၆+၈=အားဖြင့် မဟာပါသောသုတ်ပေါင်းမှာ (၂၀)သုတ် ဖြစ်သည်။)

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ် (ခုဒ္ဒကငါးကျမ်းတွဲ)။ (၁၈)သုတ်

## ဓမ္မပဒ (၁၅)ဝတ္ထု

၁။ မဟာကာဠုထေရဝတ္ထု (ခု၊ ၁၊ ၁၄)
၂။ အပ္ပမာဒဝဂ် မဟာကဿပထေရဝတ္ထု (ခု၊ ၁၊ ၁၇)
၃။ ပုပ္ဖဝဂ် မဟာကဿပထေရပိဏ္ဍပါတဒိန္နဝတ္ထု (ခု၊ ၁၊ ၂၁)
၄။ ဗာလဝဂ် မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထု (ခု၊ ၁၊ ၂၂)
၅။ မဟာကပ္ပိနထေရဝတ္ထု (ခု၊ ၁၊ ၂၄)
၆။ အရဟန္တဝဂ် မဟာကဿပထေရဝတ္ထု (ခု၊ ၁၊ ၂၆)
၇။ မဟာကစ္စာယနတ္ထေရဝတ္ထု (ခု၊ ၁၊ ၂၇)
၈။ မဟာဓနဝါဏိဇဝတ္ထု (ခု၊ ၁၊ ၃၁)
၉။ မဟာမောဂ္ဂလာနထေရဝတ္ထု (ခု၊ ၁၊ ၃၃)
၁၀။ မဟာဓနသေဋ္ဌိပုတ္တဝတ္ထု (ခု၊ ၁၊ ၃၆)
၁၁။ မဟာကာလဥပါသကဝတ္ထု (ခု၊ ၁၊ ၃၇)
၁၂။ ကောဓဝဂ် မဟာမောဂ္ဂလာနထေရဝတ္ထု (ခု၊ ၁၊ ၄၆)
၁၃။ မဟာပဇာပတိဂေါတမီဝတ္ထု (ခု၊ ၁၊ ၆၉)
၁၄။ မဟာပန္ထကထေရဝတ္ထု (ခု၊ ၁၊ ၇၁)
၁၅။ ဗြဟ္မဏဝဂ် မဟာမောဂ္ဂလာနထေရဝတ္ထု (ခု၊ ၁၊ ၇၂)

http://www.dhammadownload.com



## ဥဒါန်း (၂)သုတ်

၁။ မဟာကပသုတ် (ခု၊ ၁၊ ၈၁)
၂။ မဟာမောဂ္ဂလာနသုတ် (ခု၊ ၁၊ ၁၀၈)
မဟာဥဒါန်းပြ- လောကသုတ် (ခု၊ ၁၊ ၁၁၄)

(ကွတိဝုတ်၌ မဟာပါသည့် သုတ်မရှိပါ)

## သုတ္တနိပါတ် (၁)သုတ်

၁။ မဟာဗျူဟသုတ် (ခု၊ ၁၊ ၄၁၈)

(ခုဒ္ဒကငါးကျမ်းတွဲတွင် ဓမ္မပဒ ၁၅+ ဥဒါန်း ၂+ သုတ္တနိပါတ် ၁=အားဖြင့် မဟာပါသော သုတ်ပေါင်း (၁၈)သုတ် ဖြစ်သည်။

## ဝိမာနဝတ္ထု (၄)ကျမ်းတွဲ = (၁၄)သုတ်

### ဝိမာနဝတ္ထု (၁)

၁။ မဟာရထဝိမာနဝတ္ထု (ခု၊ ၂၊ ၉၀)

### ပေတဝတ္ထု (၁)

၁။ မဟာပေသကာရပေတိဝတ္ထု (ခု၊ ၂၊ ၁၃၃)

### ထေရဂါထာ (၁၁)

၁။ မဟာကောဋ္ဌိကထေရဂါထာ (ခု၊ ၂၊ ၂၂၀)
၂။ မဟာဝစ္ဆထေရဂါထာ (ခု၊ ၂၊ ၂၂၂)
၃။ မဟာနာမထေရဂါထာ (ခု၊ ၂၊ ၂၄၄)
၄။ မဟာစုန္ဒထေရဂါထာ (ခု၊ ၂၊ ၂၅၀)

http://www.dhammadownload.com



၅။ မဟာကာဠုထေရဂါထာ (ခု၊ ၂၊ ၂၅၁)
၆။ ဆက္ကနိပါတ မဟာနာဂထေရဂါထာ (ခု၊ ၂၊ ၂၈၃)
၇။ အဋ္ဌကမှ မဟာကစ္စာယနထေရဂါထာ
(ခု၊ ၂၊ ၂၉၅)
၈။ မဟာပန္ထက ထေရဂါထာ (ခု၊ ၂၊ ၂၉၆)
၉။ ဒသကမှ မဟာကပ္ပိနထေရဂါထာ (ခု၊ ၂၊ ၃၀၂)
၁၀။ စတ္တာလီသမှ မဟာကဿပထေရဂါထာ
(ခု၊ ၂၊ ၃၅၀)
၁၁။ သဋ္ဌိနိပါတမှ မဟာမောဂ္ဂလာနထေရဂါထာ
(ခု၊ ၂၊ ၃၆၂)

## ထေရီဂါထာ (၁)

၁။ ဆက္ကနိပါတမှ မဟာပဇာပတိဂေါတမီထေရီ
(ခု၊ ၂၊ ၃၉၆)

(ဝိမာနဝတ္ထုလေးကျမ်းတွဲတွင် ဝိမာနဝတ္ထု=၁+ ပေတဝတ္ထု=၁+ ထေရဂါထာ=၁၁+ ထေရီဂါထာ=၁- အားဖြင့် မဟာပါသောသုတ်ပေါင်း (၁၄)သုတ်ဖြစ်သည်။

http://www.dhammadownload.com



# ထေရာ+ထေရီပဒါန် စရိယာပိဋကတ်၌

## (၁၀)သုတ်

### (ပထမတွဲ) (၃)

၁။ မဟာမောဂ္ဂလာနထေရ (အပ၊ ၁၊ ၃၄)

၂။ မဟာကဿပထေရ (အပ၊ ၁၊ ၃၆)

၃။ မဟာပရိဝါရကထေရ (အပ၊ ၁၊ ၁၆၁)

### (ဒုတိယတွဲ) (၃)

၁။ မဟာကစ္စာနထေရ (အပ၊ ၂၊ ၁၁၃)

၂။မဟာကပ္ပိနထေရ (အပ၊ ၂၊ ၁၁၈)

၃။ မဟာကောဋ္ဌိကထေရ (အပ၊ ၂၊ ၁၃၁)

### ထေရီအပဒါန် (၁)

၁။ မဟာပဇာပတိဂေါတမီထေရီ (အပ၊ ၂၊ ၂၀၆)

### စရိယာပိဋက (၃)

၁။ မဟာသုဒဿနစရိယ (အပ၊ ၂၊ ၃၈၇)

၂။ မဟာဂေါဝိန္ဒစရိယ (အပ၊ ၂၊ ၃၈၈)

၃။ မဟာလောမဟံသစရိယ (အပ၊ ၂၊ ၄၁၉)

(ထေရာ+ထေရီအပဒါန်၌ အပဒါန်=၇+ စရိယာပိဋက=၃-အားဖြင့် မဟာပါသော အပဒါန် စရိယာ သုတ်ပေါင်း (၁၀)ဖြစ်သည်။)

http://www.dhammadownload.com



# ဇာတကပါဠိတော် (၁၉)ဇာတ်

## ဇာတကပါဠိ (ပထမတွဲ) - (၁၂)

၁။ စတုက္ကနိပါတ မဟာအဿာရောဟဇာတ်
(ဇာ၊ ၁၊ ၉၃)
၂။ သတ္တကနိပါတ မဟာကပိဇာတ် (ဇာ၊ ၁၊ ၁၆၅)
၃။ နဝကနိပါတ မဟာသုဝဇာတ် (ဇာ၊ ၁၊ ၁၈၉)
၄။ ဒသကနိပါတ မဟာဓမ္မပါလဇာတ် (ဇာ၊ ၁၊ ၂၁၄)
၅။ မဟာမင်္ဂလဇာတ် (ဇာ၊ ၁၊ ၂၂၂)
၆။ ဒွါဒသကနိပါတ မဟာကဏှဇာတ် (ဇာ၊ ၁၊ ၂၄၈)
၇။ မဟာပဒုမဇာတ် (ဇာ၊ ၁၊ ၂၅၃)
၈။ ပကိဏ္ဏကနိပါတ မဟာဥက္ကုသဇာတ်
(ဇာ၊ ၁၊ ၂၈၀)
၉။ မဟာမောရဇာတ် (ဇာ၊ ၁၊ ၂၉၃)
၁၀။ မဟာဝါဏိဇဇာတ် (ဇာ၊ ၁၊ ၂၉၈)
၁၁။ ဝီသတိနိပါတ မဟာပလောဘနဇာတ်
(ဇာ၊ ၁၊ ၃၄၄)
၁၂။ တိံသနိပါတ မဟာကပိဇာတ် (ဇာ၊ ၁၊ ၃၈၀)

## ဇာတက (ဒုတိယတွဲ) - ၇

၁။ ပဏ္ဏာသနိပါတ မဟာဗောဓိဇာတ် (ဇာ၊ ၂၊ ၄၇)
၂။ အသီတိနိပါတ မဟာဟံသဇာတ် (ဇာ၊ ၂၊ ၉၀)

http://www.dhammadownload.com



# ထေရာ+ထေရီပဒါန် စရိယာပိဋကတ်၌

## (၁၀)သုတ်

### (ပထမတွဲ) (၃)

၁။ မဟာမောဂ္ဂလာနထေရ (အပ၊ ၁၊ ၃၄)

၂။ မဟာကဿပထေရ (အပ၊ ၁၊ ၃၆)

၃။ မဟာပရိဝါရကထေရ (အပ၊ ၁၊ ၁၆၁)

### (ဒုတိယတွဲ) (၃)

၁။ မဟာကစ္စာနထေရ (အပ၊ ၂၊ ၁၁၃)

၂။မဟာကပ္ပိနထေရ (အပ၊ ၂၊ ၁၁၈)

၃။ မဟာကောဋ္ဌိကထေရ (အပ၊ ၂၊ ၁၃၁)

### ထေရီအပဒါန် (၁)

၁။ မဟာပဇာပတိဂေါတမီထေရီ (အပ၊ ၂၊ ၂၀၆)

### စရိယာပိဋက (၃)

၁။ မဟာသုဒဿနစရိယ (အပ၊ ၂၊ ၃၈၇)

၂။ မဟာဂေါဝိန္ဒစရိယ (အပ၊ ၂၊ ၃၈၈)

၃။ မဟာလောမဟံသစရိယ (အပ၊ ၂၊ ၄၁၉)

(ထေရာ+ထေရီအပဒါန်၌ အပဒါန်=၇+ စရိယာပိဋက=၃-အားဖြင့် မဟာပါသော အပဒါန် စရိယာ သုတ်ပေါင်း (၁၀)ဖြစ်သည်။)

http://www.dhammadownload.com



## ဇာတကပါဠိတော် (၁၉)ဇာတ်

## ဇာတကပါဠိ (ပထမတွဲ) - (၁၂)

၁။ စတုက္ကနိပါတ မဟာအဿာရောဟဇာတ် (ဇာ၊ ၁၊ ၉၃)
၂။ သတ္တကနိပါတ မဟာကပိဇာတ် (ဇာ၊ ၁၊ ၁၆၅)
၃။ နဝကနိပါတ မဟာသုဝဇာတ် (ဇာ၊ ၁၊ ၁၈၉)
၄။ ဒသကနိပါတ မဟာဓမ္မပါလဇာတ် (ဇာ၊ ၁၊ ၂၁၄)
၅။ မဟာမင်္ဂလဇာတ် (ဇာ၊ ၁၊ ၂၂၂)
၆။ ဒွါဒသကနိပါတ မဟာကဏှဇာတ် (ဇာ၊ ၁၊ ၂၄၈)
၇။ မဟာပဒုမဇာတ် (ဇာ၊ ၁၊ ၂၅၃)
၈။ ပကိဏ္ဏကနိပါတ မဟာဥက္ကုသဇာတ် (ဇာ၊ ၁၊ ၂၈၀)
၉။ မဟာမောရဇာတ် (ဇာ၊ ၁၊ ၂၉၃)
၁၀။ မဟာဝါဏိဇဇာတ် (ဇာ၊ ၁၊ ၂၉၈)
၁၁။ ဝီသတိနိပါတ မဟာပလောဘနဇာတ် (ဇာ၊ ၁၊ ၃၄၄)
၁၂။ တိံသနိပါတ မဟာကပိဇာတ် (ဇာ၊ ၁၊ ၃၈၀)

## ဇာတက (ဒုတိယတွဲ) - ၇

၁။ ပဏ္ဏာသနိပါတ မဟာဗောဓိဇာတ် (ဇာ၊ ၂၊ ၄၇)
၂။ အသီတိနိပါတ မဟာဟံသဇာတ် (ဇာ၊ ၂၊ ၉၀)

http://www.dhammadownload.com



၃။ မဟာသုတသောမဇာတ် (ဇာ၊ ၂၊ ၁၃၁)
၄။ မဟာနိပါတ မဟာဇနကဇာတ် (ဇာ၊ ၂၊ ၁၅၉)
၅။ မဟာဥမင်္ဂဇာတ် (မဟောသဓာဇာတ်)
(ဇာ၊ ၂၊ ၂၀၄)
၆။ မဟာနာရဒကဿပဇာတ် (ဇာ၊ ၂၊ ၂၅၇)
၇။ မဟာဝေဿန္တရဇာတ် (ဇာ၊ ၂၊ ၃၁၂)

(ဇာတကဌ် မဟာပါသော ဇာတ်ပေါင်း (၁၉) ဇာတ်ဖြစ်သည်)

## မဟာနိဒ္ဒေသ- (၁)

၁။ မဟာဝိယူဟသုတ္တနိဒ္ဒေသ (မဟာနိ၊ ၂၃၆)

## ပဋိသမ္ဘိဒါမဂ် - (၂)

၁။ မဟာကရုဏာဉာဏနိဒ္ဒေသ (ပဋိသံ၊ ၁၂၁)
၂။ မဟာပညာကထာ (ပဋိသံ၊ ၃၆၇)

http://www.dhammadownload.com



၃။ မဟာသုတသောမဇာတ် (ဇာ၊ ၂၊ ၁၃၁)

၄။ မဟာနိပါတ မဟာဇနကဇာတ် (ဇာ၊ ၂၊ ၁၅၉)

၅။ မဟာဥမင်ဇာတ် (မဟောသဓာဇာတ်)

(ဇာ၊ ၂၊ ၂၀၄)

၆။ မဟာနာရဒကဿပဇာတ် (ဇာ၊ ၂၊ ၂၅၇)

၇။ မဟာဝေဿန္တရဇာတ် (ဇာ၊ ၂၊ ၃၁၂)

(ဇာတက၌ မဟာပါသော ဇာတ်ပေါင်း (၁၉) ဇာတ်ဖြစ်သည်)

## မဟာနိဒ္ဒေသ - (၁)

၁။ မဟာဝိယူဟသုတ္တနိဒ္ဒေသ (မဟာနိ၊ ၂၃၆)

## ပဋိသမ္ဘိဒါမဂ် - (၂)

၁။ မဟာကရုဏာဉာဏနိဒ္ဒေသ (ပဋိသံ၊ ၁၂၀)

၂။ မဟာပညာကထာ (ပဋိသံ၊ ၃၆၇)

http://www.dhammadownload.com

# မဟာဗုဒ္ဓဂုဏ်ကို ပွားများစို့

အို --- ဘာသာဝင် သူတော်စင်တို့
နေ့စဉ်နေ့တိုင်း နံနက်ပိုင်းနှင့်
ညပိုင်းအခါ စောသတ္တာ၏
များစွာဂုဏ်စု အာရုံပြုလော့။
လူမှုကိစ္စ ဆောင်ရွက်ကြလည်း
ဗုဒ္ဓစောမြတ် မနောခတ်၌
မပြတ်မှီကာ ရပ်တည်လာသို့
မေတ္တာနှလုံး သစ္စာသုံး၍
ရွှင်ပြုံးအေးမြ ပြုလုပ်ကြလော့။
သို့မှဘေးဒဏ် တွင်းပြင်ရန်ကို
အမှန်ကိုယ်က အောင်နိုင်ရလျှက်
ဘဝတစ်လျှောက် ကြံတိုင်းပေါက်သည်
ထိုနောက် ဆင့်လို့ မြင့်မည်ကို့---။

(အမရပူရ မဟာဂန္ဓာရုံဆရာတော်)